www.burmeseclassic.com

# အချော့တော်

ဂျစ်ပွေး



တအုပ်လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

# စိစဉ်သူ
## မောင်ချေးရှင်

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | မို့မို့ (Eagle) |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | Deep Blue |
| စာအုပ်ချုပ် | ကြူကြူမွေး |
| ထုတ်ဝေသည့်ကာလ | ၂၀၁၁-ခုနှစ်၊ နိုဝင်ဘာလ |
| တန်ဖိုး | (၁၅၀၀) ကျပ် |

BURMESE CLASSIC

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၈၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၈၅၀၈၁၁-အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းအော့ဖ်စက်
အမှတ်(၁၁၇)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်၍ နေမျိုးစာပဒေသာ၊ အမှတ်(၁)၊
သုမင်္ဂလာလမ်း။ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်မှ
ပထမအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

၈၉၅.၈၃
အချော့တော်
ချစ်ပွေး / အချော့တော် ။ - ရန်ကုန်၊
နေမျိုးစာပဒေသာစာပေ ၊ ၂၀၁၁။
၁၃၂ - စာ ၊ ၁၃×၂၀.၅ စင်တီ။
(၁) ချစ်ပွေး

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာစာပေ စာစဉ်(၄၉)

BURMESE CLASSIC

# အချော့တော်

## ဂျစ်ပွေး

(ဟာသလုံးချင်းဝတ္ထုသစ်)

ဝါသနာစာပေ

အမှတ်(၁၃)၊ ထန်းပင်ကုန်း ၁-လမ်း သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း - ၀၉-၄၃၁၁၃၂၄၈

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# < ၁ >

ဂျစ်ပွေး. .
နာမည်ရင်းတော့မဟုတ်။
နာမည်ရင်းက မောင်မောင်ခန့်ချော။
နာမည်ကသာ ခန့်ချော. . ။
လူကတော့ မခန့်ပါ၊ မချောပါ။
လူဖလံခပ်သေးသေးညှက်ညှက်လေးမျှသာဖြစ်သည်။
ချောသလား. . ?
ဟင့်အင်း. . မချောပါ။
ကြည့်ပျော် ရှုပျော် ရှိ မရှိ. . ?
နိုး. . နိုး. . မရှိ. . ။
ကြည့်လျှင်ပျော်ဖို့ဝေးစွ စိတ်ညစ်ဖို့ပဲရှိသည်။
ရှုလျှင်လည်း ငိုချင်စရာပါ။
မကြည့်ဘဲ မရှုဘဲနေလျှင် အကောင်းဆုံး. . ။
ဘာပဲဖြစ်ဖြစ်. .
ဂျစ်ပွေးက ရွာမှာတော့ ဆရာကြီး. . ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာရေးသည်။ စာရေးသည်။ ရန်ကုန်ရှိ စာနယ်ဇင်းများသို့ ကဗျာတွေစာတွေရေးပို့သည်။

ကလောင်နာမည် ရွေးထားပေးထားပုံကလည်း သင်းသည်။

ကိုရွှေဂျစ်ပွေး . . တဲ့။

ကိုရွှေတောသားတို့ ကိုရွှေအောင်သင်းတို့ကိုအားကျလို့ ပေးထားတာဆိုပဲ။

သူ့ကလောင်နာမည်ကိုကြည့်ပြီး ကိုရွှေတောသားကညည်းရှာသည်။

"တောက်. . သူလုပ်တာနဲ့ ငါတို့ ကိုရွှေအဖွဲ့တော့ ဂျစ်ပွေးတွေပဲအထင်ခံရတော့မှာပဲ. . ဟွန်း. . "

ကိုရွှေအောင်သင်းကတော့ တစ်မျိုး. .

"အမယ်. . နာမည်ကသင်းသား၊ ငါတို့ ကိုရွှေအဖွဲ့ထဲမှာ ဂျစ်ပွေးတစ်ကောင်ပါလာပြီပေါ့. . ပျက်ပါပြီဗျာ"တဲ့။

ဘာပဲဖြစ်ဖြစ်. .

ကိုရွှေဂျစ်ပွေးကြိုးစားသည်။ စာတွေကိုမနားတမ်းရေးသည်။ ဒလစပ်ပို့သည်။

ရန်ကုန်ရှိ စာနယ်ဇင်းအသီးသီးမှ အယ်ဒီတာဆရာတွေကလည်း အသီးသီးမှတ်ချက်ချသည်။

"ကျွတ်. . ရေးပဲရေးနိုင်လွန်းလှတယ်။ ဖတ်ရတာလည်းညောင်းလှပြီ. . မဖတ်တော့ပဲ နံကြားထောက်ပြီး တစ်ပုဒ်နှစ်ပုဒ်လောက် ထည့်ပေးလိုက်တာကောင်းပါတယ်လေ".

"ဟင်း. . တစ်ပုဒ်လောက်တော့ ထည့်ပေးလိုက်ဦးမှ. . ဟိုဖာစ်ခေါက်က ရန်ကုန်ဆင်းလာတော့ ငါ့အတွက် ယူလာတဲ့လက်ဆောင်တွေနည်းမှတ်လို့. . "

သည်လိုနှင့် ကိုရွှေဂျစ်ပွေးတို့ စာပေနယ်မှာတော်တော်



www.burmeseclassic.com

www.burmeseclassic.com



နေရာရလာ၏။

ပိုက်ကောင်းသွားတာက သူ့ဆရာ မောင်သွေးချိုကစာအုပ် ထိုက် ထောင်တော့ သူ့ကိုစင်တင်ပေးလိုက်သည်။

ဗူးစင်တော့မဟုတ်။

လုံးချင်းဝတ္ထုစင်မြင့်ပေါ် တင်ပေးလိုက်ခြင်းဖြစ်သည်။

သည်မှာတင် ဂျစ်ပွေးတို့ဖေါက်သွားသည်။ မြောက်သွား သည်။

ဆရာကို ဆရာဟုမထင်။ မထီမဲ့မြင်ပြုလာသည်။ ခြေရာ ချင်းတိုင်းလာသည်။

အဆိုးဆုံးက သူ့ဆရာက စရိတ်ထုတ်ပေး၊ စရိတ်ကျခံ၍ ပြင်ဦးလွင်သို့ခေါ်သွားသည်။

မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် အနှံ့ပို့ပေးသည်။ ပြင်ဦးလွင် မှာတည်း၍ လုံးချင်းဝတ္ထုတစ်အုပ်ဆီရေးကြသည်။

ရန်ကုန်ပြန်ရောက်တော့ ထိုလုံးချင်းဝတ္ထုအား ဂျစ်ပွေးတို့က တစ်ခြားစာပေတိုက်သို့ ရောင်းလိုက်သည်။

ဒါကိုသိတော့ သူ့ဆရာကဘာမှတော့မပြော။ သူ့လက်ထဲ မှာရှိသည့် ဂျစ်ပွေး၏စာမူများကိုပင် ထုတ်ဝေသူထံကျသင့်ဈေးနှင့် ပေးလိုက်သည်။

"ကျွန်တော့မယားလေး ခင်ဗျားကိုပေးလိုက်ပြီ၊ ကောင်းတာ ဆိုးတာခင်ဗျားကံပဲ"

ဟုဆရာမောင်သွေးချိုကပြောတော့ တစ်ဘက်ထုတ်ဝေသူ ကိုမိုးက ခပ်ပြုံးပြုံးပြောသည်။

"မယားသစ်လေးဆိုတော့ ချစ်ရမှာပေါ့ဗျာ"

သို့ကလိုဆိုသော ကိုမိုးတစ်ယောက် နောက်ပိုင်းတွင် ငြီးငွေ့ ရန် ပြောရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်. . ကျုပ်မယားလေး နောက်တစ်ယောက်နဲ့ပါသွားပြီ ဗျ. . ဟွန့်. . မုန်းတယ်. . မုန်းတယ်. . ကျုပ်မျက်နှာကို မထောက် ဘူးဗျာ"

ဆိုတော့ကာ. .

ဂျစ်ပွေးတို့ လွန်သလိုလိုဖြစ်နေသည်။ အမှန်တော့ ဂျစ်ပွေး မလွန်ပါ။

နာမည်ကြီးသွားခြင်းဖြစ်သည်။ ဂျစ်ပွေးဆိုမှတော့ ဂျစ်ပွေ ကျပြီပေါ့။

ဟုတ်တယ်. . ဟုတ်. . ။

ကိုင်း. . ဂျစ်ပွေးတို့ ဂျစ်ပွေးကျပုံများ ရှုလိုက်ကြစမ်းပါ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# < ၂ >

"ဆရာဂျစ်ပွေး . ."

"ဆို . ."

"ဆရာ့ဆီလာတဲ့ မိတ်ဆက်စာတွေကို အကုန်စာပြန်မှာလား"

"တစ်စောင်ချင်းတစ်ဦးချင်းတော့ ဘယ်ပြန်နိုင်မလဲ"

"ဒါဆို ဘယ်လိုပြန်မှာလဲ"

"လိုင်းကားစီးပြန်မယ်"

"ဘယ်လို . ."

"အော် . . အိမ်ပြန်ဖို့တွေးရင်းရောသွားလို့ . . တစ်စောင်ချင်းမပြန်ဘဲ လုံးပြီးပြန်မယ်"

"ဘယ်လိုလုံးပြန်မှာလဲဆရာ"

"ထွက်နေတဲ့လုံးချင်းဝတ္ထုတွေရဲ့နောက်ပိုင်း စာမျက်နှာမှာ လုံးပြန်မယ်လေ"

ကိုရွှေဂျစ်ပွေးက သူပြောသည့်အတိုင်း လုံးချင်းဝတ္ထု၏ နောက်ပိုင်းစာမျက်နှာများ၌ ပေးစာများနှင့် ပြန်စာကိုထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူများလည်း မတတ်သာ၍ ထည့်ပေးရ၏။

ထုတ်ဝေသူမျက်နှာမှာ ရှုံ့မဲ့လို့ရယ်။ ဟုတ်ပ့ါ။ ပေးစာပြန်စာ တွေကနည်းနည်းမှ မဟုတ်ဘဲ။ နမူနာလေး ကောက်နုတ်ကြည့်ပါစို့။

ဆရာကိုရွှေဂျစ်ပွေးရှင်...

မေသူမရှင်းလို့ မေးပါရစေ။ ဆရာ့နာမည်လေးက ဖွံ့ချင် သားနဲ့ ဂျစ်ပွေးဆိုတော့ မဖွံ့ချင်ဘူးလားလို့။ ဘာကြောင့် ဂျစ်ပွေး ဖြစ်ရတာလဲဆရာ။ ပွေးတွေများ ပေါက်နေလို့လား။ သိချင်တယ်။ စာမြန်မြန်ပြန်ပါ။

ဘုရေထွတ်၊ မေသူ

ပုဇွန်မနား

မေးရက်ပါပေ့ မေသူရယ်။ ဂျစ်ပွေးဆိုတာ ပွေးပေါက် လို့မဟုတ်ပါဘူး။ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ် ဂျစ်တစ် တစ်နဲ့ ငပွေးကျလို့ခေါ်ကြတာ။

အမှန်ဖြစ်ချင်တာက ကိုရွှေချစ်ပွေးပါ။ ချစ်ချင် တယ်။ ပွေးချင်တယ်လေ။ ဟဲ...ဟဲ...ငဲ...ငဲ...။

နောက်တစ်စောင်...

ဆရာပွေး...

နာမည်ပြောင်းပါ။ ဆရာ့နာမည်ခေါ်ရတာ ယားတယ်ဗျ။

မန္တလေးက စန်းမွေး

ယား...ယား...ယားရင် ဆရာ့ဘနားလာ..။ ဘယား ဖျောက်ပေးမယ်။ ယား...ယား...



www.burmeseclassic.com

www.burmeseclassic.com



ဖြေပုံက ရိုက်ပေါက်။ ပုဒ်မ ၃၇၆ သံလေးကပါနေသေး။ ကြည့်လုပ်။

ဆရာကိုရွှေဂျစ်ပွေးရှင့်...အဲ...ရှင့်...

ရယ်ဒေါသဘူဘာသက်ရှိညီတာယ်တဲ့။ ဆရာ့ခါတွေပတ်ပြီး မီးကရယ်တော့ သူငယ်ချင်းတွေက မီးကိုငပေါ်မတဲ့။

အဲ့ဒါ...ဘယ်သူ့ဗျာဘာပြစ်ရှိလဲ။ ဆရာ့ဇန်မြန်မြေ။

မီးပေါ်တာလား...ဆရာပေါ်တာလား... တစ်ယောက် ယောက်တော့ ပေါ်မှပြစ်မယ်...ဒါပဲ။

ချစ်က မိမိ

ဘမယ်လေး မီးရယ်... မီးပဲ ပေါ်လိုက်ပါတော့။ ဆရာ ဘနဲရှာခဲ့ပါမယ်။

ဟင်း. . ။ အ,တယ်။ လူအ. . ။

ဒါ နမူနာပဲရှိသေးသည်။ မြောက်များလှစွာစာတွေက တကယ်ပဲလာသလား။ နိုးစပ်ရာတွေကို လက်တို့ရေးပို့ခိုင်းသလား တော့ မပြောတတ်။ အဲသလိုမျိုးတွေကလည်း ရှိတတ်သကိုး။

ထိုစာများအနက်မှ ဗျဉ်းမနားကလာတဲ့ အရေထူတဲ့မေသူ့ စာကို ကိုရွှေဂျစ်ပွေးမျက်စေ့ကျနေသည်။ ဘာကြောင့်မှန်းတော့ တိတိပပမသိရ။

သီးခြားစာပြန်လိုက်သေး၏။

သူကစာပြန်တော့ ဟိုကဇရက်တွေ ငှက်တွေပါပျံလာတော့ သည်။

"ငှက်ခါးလေးတွေ ဘဒါဒါနားလို xxxx တစ်ခါကြား သူ့ဒီစာလွှတ်ပေးတော့ xxxx ဘရေတူလေကြောင်း xxxx ကောင်း ကောင်းသိပြီကွယ်. ."

ဂျစ်ပွေးသီချင်းတအေးအေးညည်းနေခြင်းပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အခုစာပို့တံဆိပ်ခေါင်းတွေမှာ ဘယ်ကင့်ကမ်ခဲ့မှမပါ။ ပုံစံသစ်တွေနှင့်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ်..

အရင်က ငှက်ခါးနားရင် စာပေးတာ စာပို့ကြတာပဲလေ။ အခုခေတ် ချာတိတ်တွေသိစေဖို့ သူရည်ညွှန်းပါသတဲ့။ ယုံ။

အဲ...မေသူအရေထူတာလည်း သူကောင်းကောင်းသိပါ၏။ မေသူ့စာတစောင်ကိုဖတ်ကြည့်ပါဦး..

သို့

ကိုကိုဆရာ...

ဆရာ့ကို ကိုကိုလို့ပဲခေါ်တော့မယ်နော်။

ကိုကိုရယ်..မသူ အခုတော့ အရေမထူနိုင်တော့ပါဘူး။ မသူတော့ ရူးနေပြီ။ ဘို..သေးရူးတာမဟုတ်ပါဘူး။ ဆရာ့စာကိုရူးတာပါ။ ဆရာက စာရေးကောင်းတယ်နော်။

မေခလာက ဂိုးသွင်းကောင်းတဲ့ တို့ကိုကိုပါလို့ ပြောတော့ မသူမယုံဘူး သိလား။ ပိုတယ်ထင်တာ။

အခုတော့ တကယ်ပဲ ဒဏ်ရလို့ယုံတော့တယ်။ မသူ သီချင်းလေးညည်း မိတယ်။

"စာရေးကောင်းတယ် xxxx စာရေးကောင်းတယ် xxxx စာရေးကောင်းတဲ့ တို့ကိုကိုပါ xxxx ရေးရေး xxxx ရေး....ပြေး...."

ပြေးဆိုတာကို တလွဲမထင်ပါနဲ့ဆရာ။ သူများတွေ ရှေ့ကပြေးနိုင်တော။ ကြွေးရှင် ရှေ့ကဟုတ်ပါဘူးနော်။

စာပြန်ရေးနော် ဆရာကိုကို

အရေမထူချင်တော့တဲ့

မသူ



www.burmeseclassic.com

www.burmeseclassic.com



"ဂလု. ."

ဘာသံမှမဟုတ်ပါ။ ထိုစာဖတ်ပြီး ဆရာဂျစ်ပွေးတဲတွေး မျိုချသံပါ။

"ဂလု"

လုပ်ပြန်ပြီ။ စာလေးဖတ်ရုံနှင့် သည်လောက်ဂလုံနေလျှင် လူမြင်က ပုဒ်မတွေ တသီကြီးဖြစ်သွားနိုင်သည်။

သို့ကလိုနှင့်ပဲ ဆရာဂျစ်ပွေးနှင့် ပျဉ်းမနားက မေသူတို့ စာတွေပျံကြ၊ ဇရက်တွေပျံကြနှင့်ဟုတ်နေကြ၏။

ဆရာဂျစ်ပွေးခမျာမှာလည်း ဝတ္ထုရေးသည့်အလုပ်တင်မက မိတ်ဆက်စာ၊ ဘာညာသာရကာ နေကြာကွာစိစာတွေပါရေးနေရ တော့၏။

ရေးပေါ့။ ကိုယ့်ဒေါသနှင့်ကိုယ်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## ⟨ ၃ ⟩

လေအန်ကုန်း. .

ရန်ကုန်မြို့ စာပေဗိမာန်ရှေ့က ဖင်မင်းမောင်လှကျက်ရည်ဆိုင်လေးကို ခေါ်ကြခြင်းပင်။

ထိုနေရာလေးမှာ စာရေးဆရာတွေ နေ့စဉ်စု၍ လေအန်ကြသည်။ တချို့ဆို လေချဉ်တက်၍ ပျို့ပင်ပျို့ကြသေး၏။

သောက်တတ်သူများ ပြောပါတယ်။

သောက်တာကို အဆိုးမဆိုနှင့်။ တချို့က ကောင်းလို့သောက်တာတဲ့။

တချို့က သောက်လို့ကောင်းသွားကြတာတဲ့။

သောက်လို့ကောင်းသွားကြသည့်ဆရာတွေထဲမှာတော့ ဆရာနန္ဒာမိုးကြယ်နှင့် မောင်မြင့်မား (ဘိုကလေး)တို့ကိုစံတင်ရမည်။

သည်ဆရာနှစ်ဦးက သောက်တဲ့ထဲမှာ လူထူးများဖြစ်ကြ၏။

ကြည့်. . .



www.burmeseclassic.com

www.burmeseclassic.com



Mejesty အရက်ပုလင်းတစ်လုံးကိုဝယ်ပြီး ဖြိုဖွဲ့ကြကြသည်။ ပုလင်းအဖုံးကို ဖွင့်လိုက်ကြသည်။ နှစ်ဦးထဲပါ။

"ဟိုက်. . ပေါက်ပဟ"

"မီးပေါက်တာလား. . ဆောရီး"

"မီးပေါက်တာမဟုတ်ဘူး ဆရာရဲ့ ဒီမှာကြည့်"

အရက်ပုလင်းအဖုံးကိုကြည့်ပြီး ဆရာမောင်မြင့်မားက ပြောသည်။

"အဖုံးပေါက်နေလို့လား. . ပြန်လဲခိုင်း"

"ဘာပြန်လဲခိုင်းရမှာလဲ. . ကားပေါက်တာဗျ"

"ဘာ. . ကားဘီးပေါက်တယ်. . မကြားမိပါဘူး"

"ကားမဲ့ပေါက်တာဆရာရေ. . ဒီမှာကားမဲ ကျွန်တော်တို့ နှစ်ယောက်ပွပြီ"

တကယ်လည်း ထိုဆရာနှစ်ယောက် ကားမဲပေါက်ပြီး ပွသွားကြသည်။

စာရေးဆရာ ကာတွန်းဆရာတချို့ကတော့ အမျိုးမျိုးဝေဖန်ကြ၏။

"ဒါ. . ဘုရားတရားကျေးဇူးပဲနော်. . ဆရာမိုးကြယ်က ဘုရားတရားဝတ္ထုတွေ တအားရေးတာ"

"ဟုတ်ပ. . ဆရာမောင်မြင့်မားကလည်း ပုတီးစိပ်၊ တရားထိုင်လုပ်နေတာ ဘုန်းကြီးတောင်ဝတ်မလို့ဆိုပဲ"

"အေးလေ. . ဒီဆရာနှစ်ယောက်လုံး အတိတ်ဘဝက ဘုရားတရားအလုပ် အတူလုပ်ခဲ့ကြလို့ နေမှာပေါ့နော်"

"အင်းလေ. . အတူလည်းသောက်ခဲ့ကြလို့ အခုလိုအတူ သောက် အတူပေါက်တာလည်းဖြစ်မှာပေါ့"

ဘယ်သူတွေ ဘာပြောပြော ထိုဆရာနှစ်ယောက် ကား



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီး တစ်ယောက်(၆၅)သိန်းစီ ရသွားကြတာတော့ အမှန်ပင်။

. ပုံပြင်မဟုတ်သော ကိုယ်တွေ့ဖြစ်ရပ်ဆန်းတစ်ရပ်ဖြစ်ခဲ့ချေ၏။

စာရေးတချို့လည်း သူတို့နှစ်ဦးကိုအားကျ၍ မဲပေါက်မလား တုဝယ်ဝယ်သောက်ကြလေရာ မဲမပေါက်ပဲလူချည်းပေါက်သွားကြသည်ဟူသတတ်။

သည်အကြောင်းက လေအန်ကုန်းမှာပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ခဲ့သည်။

သည်ထဲမှာဂျစ်ပွေးကပိုသည်။

တကယ်တော့ ဂျစ်ပွေးအရက်မသောက်တတ်ပါ။ သူက အသက်သုံးဆယ် လူငယ်စာရေးဆရာလေးမျှသာ။

လူငယ်စာရေးဆရာဆိုပေမယ့် ဂိုက်ကဆရာကြီးဂိုက်။

ဆရာမောင်သွေးချွန်နှင့် ပြင်ဦးလွင်သွားပြီးကတည်းက ဂျင်းဘောင်းဘီအနက်ကို မချွတ်တော့ပြီ။

နေကာမျက်မှန်လည်း တပ်လိုက်သေးသည်။ လွယ်အိတ်ကြီးကလည်း လွယ်လို့။

"ဆရာတို့ကို မနက်ဖြန် ယမင်းမှာပြုစုမယ်. . "

"ဘာလဲ. . ထီပေါက်လာလို့လား"

"မဟုတ်ဘူး. . ကျွန်တော့မွေးနေ့မို့ပါ"

"မနက်ဖြန် စနေနေ့ကြီး။ မင်းကစနေသားလား"

"မှုတ်ဘူး. . တနင်္လာသားပါ"

"အဲ့ဒါ ဘာလို့မွေးနေ့ဖြစ်ရတာလဲ"

"ဒီလိုပါ. . စနေနေ့ဟာ ရက်ရာဇာကျတယ်။ ကံကောင်းစေတယ်လို့ပြောလို့ပါ"

"ဘယ်သူကပြောတာလဲ"

www.burmeseclassic.com



"ဆရာကိုမောင်သန်းဝင်းပြောတာပါ"

"ကျွတ်. . အဲဒီဆရာ သူစနေနေ့မှအားလို့ပြောတာ၊ တနင်္ဂနွေနေ့ကျ သူ နေပြည်တော်သွားရမှာ. . သိလား"

"သိဘူးလေ"

"မသိရင်မေး"

"ဟုတ်. ."

"မစင်ရင်လွှင့်ပစ်"

"ဗျာ့. . ဆေးရမှာလေ"

"မဆေးနဲ့ ရေကုန်တယ်၊ ပင်ပန်းတယ်ကွ. ."

ဤနှယ် လက်ချာရိုက်နေသူမှာ ဆရာမောင်ဉာဏ်ကျယ် ဖြစ်၏။ ထိုဆရာကား အရက်မသောက်တတ်သော်လည်း ဉာဏ်က ပြေး၏။

ဆရာမိုးကြယ်တို့ အရက်ပုလင်းအဖုံးက မဲပေါက်တယ်ဆို၍ သူတပည့်ကို ထိုအရက်ပုလင်းများဝယ်ခိုင်းပြီး ဖွင့်ဖေါက်၏။

သောက်တော့မသောက်။ သောက်တာကသူ့တပည့်။ ငါး ပုလင်းမြောက်ဝယ်ပြီးသွားတော့ ရပ်လိုက်၏။ ထိုကိစ္စကိုမည်သူ့ကို မျှမပြောဖို့ တပည့်ဖြစ်သူကိုပိတ်ထား၏။

တပည့်ကစိတ်ချရသည်။ ပြောတော့မပြော လေအန်ကုန်း မှာမောင်းပဲထုသည်။

"အော့. . ဆရာတို့သိတဲ့အတိုင်း. . အော့. . ကျွန်တော် အရက်သိပ်မသောက်တတ်ပါဘူး။ ကျွန်တော့်ဆရာက ကားမဲပေါက် မလားလို့ ဝယ်ပြီးဖွင့်ဖေါက်လိုက်. . ကျွန်တော်ကသောက်လိုက်နဲ့ အော့. . ဒီလိုဖြစ်သွားရတာပါပဲ. . အော့. ."

သွားရော. .။

ဆရာမောင်ဉာဏ်ကျယ်ခေါင်းမဖေါ်ရဲ..



www.burmeseclassic.com

www.burmeseclassic.com



ယခု . . ဂျစ်ပွေးတို့ကလုပ်လာပြန်ပြီ။

"မနက်ဖြန်ညနေ ခြောက်နာရီနေ့ဆရာတို့ . . အရက် ငါး ပုလင်းမှာထားတယ်"

"ငါတို့ကို တစ်လုံးစီပေးမှာလား"

"ဟင့်အင်း . . ကျွန်တော်ကိုယ်တိုင်ဖွင့်ဖေါက်ပေးမှာ"

"ဟား . . ဟာ . . မင်းနောက်ကျသွားပြီ"

"ဘာဖြစ်လို့လဲဆရာ"

"မင်းအရင် ဆရာမောင်ညဏ်ကျယ်လုပ်ပြီးသွားပြီ။ သူ့ တပည့်တောင် အရက်သမားဖြစ်သွားပြီ"

"ဗျာ"

"မဗျာနဲ့ . . မင်းလည်း အရက်သမားဖြစ်ချင်လို့လား"

"မဟုတ်ဘူးလေ . . ကျွန်တော်က သောက်မှာမှမဟုတ်တာ ဖွင့်ဖေါက်ပေးရုံပဲ"

"ပေါက်တယ် . . ပေါက်တယ် . . လုပ်ကွာ ကြာသလားလို့"

"လုပ်မှာပါဆရာ . . ပေါက်ကိုပေါက်ရမှာ"

နောက်ဆုံးစက်ရပ်သတင်းမှာ ထိုနေ့က ဂျစ်ပွေးတစ်ယောက်မွေးနေ့အတွက်ဆိုကာ အရက်ပုလင်းငါးလုံးကို ဆက်တိုက် ဖေါက်ရာမှမပေါက်ဘဲ လူမဲပေါက်ချင်သလိုလိုဖြစ်သွားရသည်ဟု သတတ်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# < ၅ >

ဂျစ်ပွေးမှာ ရေးဖော်ရေးဖက်သူငယ်ချင်းတစ်ယောက်ရှိသေးသည်။

အထက်အညာဒေသကဖြစ်သည်။ ရန်ကုန်မှာ တက္ကသိုလ်လာတက်ပြီး ဘွဲ့ရသည်။

သူ့အမည်ရင်းက မောင်မြင့်မြတ်။

ကလောင်နာမည်က ကိုရွှေမြင့်မြတ်။

ဂျစ်ပွေးနှင့်အတူ ကလောင်နာမည်ရွေးထားကြခြင်းပင်။

သူကလည်း ကဗျာရေး၏။ စာရေး၏။ ဂျစ်လည်းဂျစ်၏။

ဘယ်ထုတ်ဝေသူနှင့်မှလည်း အဆင်မပြေ။ တည့်လည်းမတည့်။ တည့်အောင်လည်းမပေါင်း။ အမြဲတမ်းပေကပ်ကပ် ဂျစ်တစ်တစ်လုပ်သည်။ တကယ်ကို သူ့နာမည်က ဂျစ်ပွေးဖြစ်ရမှာပါ။

ဂျစ်ပွေးထက် ရစ်သူ ဂျစ်သူကားထိုအရာလေးပင်။ ဂျစ်ပွေးနှင့်လည်း သက်တူရွယ်တူ ဝတ်ဖော်ဝတ်ဖက်။

စာပေအတွက်ဆို ဝတ်ရဲသည်ဟုကြွေးကြော်ကာ သူတို့နှစ်ယောက်အတူ အငတ်နေခဲ့ကြဖူးသည်။

လက်ရည်တစ်ခွက်ကို နှစ်ယောက်ခွဲသောက်ပြီး ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကရားလောက်ကုန်အောင်သောက်ဝှဲကြသည်။ နေဝှဲကြသည်။

အာဂသတ္တိထူးသူများပင်။ သူတို့နှစ်ယောက်မှာ ဂျစ်ပွေးက တံလေးကောင်းလို့ ဆရာသမားများ ကူညီမစမှုဖြင့်နေရာလေးရ သွားသည်။

ဂျစ်ပွေး၏ဝတ္ထုများကို ဗီဒီယိရိုက်ရန် ဝယ်ယူမှုများလည်း ရှိလာ၏။ ဂျစ်ပွေးကိုယ်တိုင်ပင် ဇာတ်ညွှန်းခွဲပေးတာလည်းရှိလာ၏။

ကိုယ်တိုင်ရိုက်ကွင်းမှာလိုက်၍ ဇာတ်ညွှန်းဆရာလုပ်လိုက် သေး၏။ ရေးဖော်များကပင် ဂျစ်ပွေးကိုစာမရေးဘဲ ဗီဒီယိုလိုင်းကူး သွားပြီလားဟု စိုးရိမ်ကြသေးသည်။

"ဂျစ်ပွေး. . မင်းစာမရေးဖြစ်ဘဲ ဗီဒီယိုလိုင်းဘက် အားသန် နေတယ်. . သတိထားဦး"

ကိုရွှေမြင့်မြတ်က စိုးရိမ်စွာသတိပေးသည်။ ဂျစ်ပွေးကတော့ လေသံအေးနှင့်. . .

"မပူပါနဲ့ မြင့်မြတ်ရာ။ မိုးရွာတုန်းရေခံရတာပါ. . ကိုယ့် အလုပ်ကိုယ်သိပါတယ်. . မင်းသာထုတ်ဝေသူတွေနဲ့ အဆင်ပြေ အောင်လုပ်ဦး"

မြင့်မြတ်ကလည်း မြင့်မြတ်ပင်။ သူ့ထံက လုံးချင်းများဝယ် ထားကြသည့် ထုတ်ဝေသူများကို ပြဿနာရှာသည်။

"ဘယ်လိုလဲ. . ထုတ်ဝေသူကြီးရဲ့၊ ကျုပ်စာအုပ်မထုတ် သေးဘူးလား"

"ရုံးတင်ထားတယ်ဆရာ. . ကျရင်ထုတ်မှာပါ"

"ကြာလှချည်လား"

"ပုံမှန်ပါပဲဆရာ. . ဆရာစိတ်စောနေလို့ပါ"

"ဘာစိတ်စောရမှာလဲဗျ၊ ကျုပ်ခင်ဗျားကိုပေးထားတာ ခြောက်လရှိနေပြီ။ နောက်နှစ်လနဲ့မှမထွက်ရင် စာမူတွေပြန်ပေး. .



www.burmeseclassic.com

www.burmeseclassic.com



ငွေပြန်ပေးမယ်"

ဟောက်တာ. . ဟောက်တာ။ ထုတ်ဝေသူကိုဟောက်နေတာ။ ကိုယ်ကဖြင့် ဘာကောင်းမှမဟုတ်သေး။ လုံးချင်းတစ်အုပ်မှ ပင်မထွက်ရသေး။ ထုတ်ဝေသူအား ပြေလည်အောင်ပေါင်းရမည့်အစား ဟောက်သလိုငေါက်သလိုလုပ်သည်။

ဒီတော့. . ထုတ်ဝေသူများက တာ့တာလုပ်ပစ်လိုက်ကြ၏။ သူ့စာအုပ်များမထွက်ရဘဲ ဟပ်ကော့ကြီးဖြစ်ကျန်ခဲ့သည်။

သူတို့သူငယ်ချင်းနှစ်ယောက်က ပုလင်းတူ ဗူးဆို့ တကယ့်ကိုဂျစ်ပွေးများပင်။

ဂျစ်ပွေး ဗီဒီယိုရိုက်ကွင်းသို့လိုက်စက ရယ်ရသေးသည်။

ရိုက်မှာက သူ့ဝတ္ထု။ ဝတ္ထုနာမည်က "အချစ်ဝေးဝေးပြေးပါနဲ့"

ထိုဝတ္ထုနှင့်ပတ်သက်၍ ဂျာနယ်လစ်တစ်ဦးက သူ့ကိုမေးသည်။

"ဆရာဂျစ်ပွေး. . "

"မေးလေဆရာဗျူး"

"အခုရိုက်မဲ့ အချစ်ဝေးဝေးပြေးပါနဲ့ကို ဆရာဘယ်လိုခံစားပြီး ရေးခဲ့ပါသလဲ"

"ဟောဒီ ရင်ဘတ်ကြီးနဲ့ခံစားပြီးရေးတာဗျ"

ဂျစ်ပွေးက ရင်ဘတ်ကိုပုတ်ပြလိုက်သေးသည်။

"ဟုတ်ပါပြီ. . ဝတ္ထုက ဟာသနော်"

"ဟုတ်တယ်. . ဟာသလိုင်းပဲ"

"အချစ်ဝေးဝေးပြေးပါနဲ့ ဆိုတော့ အချစ်ဝတ္ထုဆန်မနေဘူးလား"

"ကျွတ်. . အဲ့ဒါ. . အဲ့ဒါ. . "



www.burmeseclassic.com

www.burmeseclassic.com



"မျှာ. ."

"မဖျာနဲ့. . ဒီလိုထင်အောင်ထွင်ပြီး ဟိုလိုလှည့်လိုက်မှာ လေဗျာ. . ဒါပညာ"

"ဘယ်လိုလဲဆရာ. . ရှင်းအောင်လင်းပါ"

"ဟင်း. . ဟင်း. . သာမန်အားဖြင့်တော့ အချစ်လို့ထင်မှာ ပေါ့. . ဇာတ်လိုက်မင်းသမီးရဲ့နာမည်ကလည်း အချစ်တဲ့လေ"

"ဟုတ်လား. . အချစ်ရဲ့ အချစ်ဇာတ်လမ်းပေါ့. . အချစ်က သူချစ်သူနဲ့ ဝေးရာကိုပြေးတဲ့ဇာတ်လမ်းပေါ့"

"ထပ်. . ဘယ်ကဟုတ်ရမှာလဲ"

"လွဲပဟ"

"လွဲရမယ်လေ. . အတွေးတွေလွဲအောင်လှည့်ထားတာ"

"ဘယ်လိုများလဲဆရာ"

"ဘယ်လိုရမှာလဲ. . တကယ်တော့အချစ်ဟာ သာမန် မိန်းကလေး မဟုတ်ဘူး"

"ဘယ်လိုမိန်းကလေးလဲဆရာ"

"ချောတယ်လှတယ်၊ ညက်တယ်၊ နုတယ်. . ဒါပေမဲ့ အသည်းမာတယ်. . လှည့်စားတတ်တယ်"

"ဒါဆို ကောင်လေးတွေကို သူလှည့်စားတတ်မှာပေါ့"

"ဟုတ်တယ်. . အချစ်ဟာလှည့်စားတတ်တယ်. . အရမ်း ရမ်းကို လှည့်စားတတ်တယ်။ သူ့ကိုလှည့်စားကောရီလို့တောင် နာမည် တပ်ပေးထားသေးတယ်"

"မိုက်တယ်နော်"

"မမိုက်ဘူး. . လည်တာ၊ လှည့်တတ်တာ၊ ဒါပေမဲ့ အချစ် လှည့်တာဟာ သူလှည့်တာမဟုတ်ဘူး"

"ရှုပ်နေပြီဆရာ. . ဘယ်သူကဝင်လှည့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကပဲလှည့်တာ"

"ပို့ရှုပ်သွားပြီ၊ ရှင်းအောင်လင်းပါဆရာ"

"မရှုပ်နဲ့. . အချစ်မှာ ပထွေးရှိတယ်"

"အဖေရင်းကဘယ်သွားနေလို့လဲ"

"ရေဝေး. . ရေဝေးမှာမီးရှို့ခံလိုက်ရတယ်လေ"

"ဟင်. . အမှုမဖွင့်ကြဘူးလား"

"ရေဝေးမှာ မီးရှို့ခံရတဲ့ကိစ္စ အမှုဖွင့်မယ်ဆို ခင်ဗျားပဲ သွားဖွင့်။ တစ်နေ့တစ်နေ့ မီးရှို့ခံနေရတဲ့ အလောင်းတွေနည်းမှတ်လို့။ ရေဝေးဆိုတာ သုသာန်ဟာကို"

"ဆောရီးဆရာ. . စိတ်စောသွားလို့ ဆက်ရှင်းပြပါဆရာ"

အချစ်ရဲ့ပထွေးက အချစ်ရဲ့အမေကိုနိုင်တယ်။ သူ့မှာလိုနေတဲ့ငွေကြေးကိစ္စကို အချစ်ရဲ့အမေကိုရှာခိုင်းတယ်။ မရတော့ပြဿနာရှာတယ်။ ဒါကိုသိတဲ့အချစ်က မိခင်အတွက်ငွေရှာပေးတယ်"

"ဘယ်လိုရှာလဲဆရာ. . စိတ်ဝင်စားလာပြီ"

"ဘယ်လိုရှာရမှာလဲ ရိုးရိုးသားသားလှည့်တာပေါ့"

"ဗျာ. . ရိုးရိုးသားသား ဘယ်လိုလှည့်တာလဲ"

"အချစ်ထံချဉ်းကပ်တဲ့ ကောင်လေးတွေဆီက ငွေလှည့်တာပါ။ ငွေလှည့်ပြီး မိခင်ကိုပေးတာလေ"

"ငွေလှည့်ပြီးတော့ ဘာဆက်ဖြစ်လဲ၊ ဘယ်လိုရှင်းလဲ. . ဘယ်သူနဲ့ညားလဲ"

"အဲ့ဒါ. . အဲ့ဒါ. . ဒီဇာတ်က သမားရိုးကျညားတဲ့ဇာတ်မဟုတ်ဘူး. . ဘယ်သူနဲ့မှမညားဘူး။ ကြိုက်ချိန်တောင်မရလိုက်ဘူး အချစ်ကပြေးတာ"

"ဗျာ. . မင်းသမီးက ငွေတွေလှည့်ပြီးပြေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . အချစ်ပြေးမှန်းသိတော့ ငွေချေးထားတဲ့ ကောင်လေးတွေက ဝိုင်းလိုက်ရင်းအော်ရမှာ"

"ဘယ်လိုအော်ကြမှာလဲဆရာ"

"အချစ်ဝေးဝေးပြေးပါနဲ့လို့ အော်. . အသားကုန်အာပြဲကြီး နဲ့အော်ရာကနေ တိုးတိုးသွားပြီး မလိုက်နိုင်ဘဲ မောပြီးဟောဟဲဖြစ် ကျန်ရစ်. . ဇာတ်သိမ်းရုံပဲ"

"ဆရာ့အချစ်ဇာတ်လမ်းကတစ်မျိုးပဲနော်"

"ဒါပေါ့. . ဒါပေါ့. . ဒါမှပေါက်မှာလေ"

ဘာပေါက်မည်တော့ ဂျစ်ပွေးတို့ကတော့ ရင်ကိုကော့လို့ ဂျာနယ်လစ်လည်း အသာဖယ်လစ်တော့၏။ ညည်းသွားသေးသည် က. .

"မှားပါတယ်" တဲ့။

ရိုက်ကွင်းမှာ ရယ်ရတဲ့ကိစ္စကို ဆက်ရဦးမည်။

ဇာတ်ဝင်ခန်းတစ်ခုမှာ မင်းသားနှင့်မင်းသမီး ပန်းခြံထဲ ခုံတန်းလျားမှာ ထိုင်ရင်းစကားပြောနေကြ၏။

ဒါရိုက်တာက ညွှန်ကြားနေသည်။ ဇာတ်ညွှန်းဆရာက ဇာတ်ညွှန်းပြောပြီးပြီ။ ဂျစ်ပွေးကလည်း လက်ပိုက်လျှက်ကြည့်နေ၏။

မင်းသား မင်းသမီးပြောဆိုနေကြခိုက် ကင်မရာကရိုက်နေ စဉ် မင်းသား၏အမှားတစ်ခုကြောင့် ဒါရိုက်တာက. . .

"ကတ်. . ကတ်. ." ဟုအော်လိုက်၏။

ကတ်သံကြောင့် မင်းသားကမျက်လုံးပြူးကြည့်ပြီး ထလိုက် တော့ ဂျစ်ပွေးဘယ်လိုလှမ်းအော်သည်ထင်ပါသနည်း. .

"ဟ. . မင်းသား. . ကပ်စပ်လို့အော်တာ ဘာလို့ထပြီး ခွါလိုက်ရတာတုန်း. . ကပ် ပြန်ကပ်"

ဂျစ်ပွေးစကားကြောင့် ဒါရိုက်တာရော မင်းသားမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ပါ တဖွဲ့လုံးပြုံးဖြစ်သွားကြ၏။ မင်းသားက ဂျစ်ပွေးကိုရယ်ကဲ့ကဲ့ ဖြင့်လှမ်းပြောသည်။

"ကပ်ချင်တာပေါ့ဆရာရယ် . . အခုကတ်က ရိုက်နေတာ ရပ်နိုင်းတာဆရာရဲ့ . . ဘယ်လိုဆက်ကပ်မလဲပြော . ."

ဂျစ်ပွေးဘာမှ ဆက်မပြော။ မှတ်ကရော။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

< ၆ >

ဂျစ်ပွေးတစ်ယောက် ပီတိတွေဝေနေသည်။ ပျဉ်းမနားက ပါဆယ်တစ်ထုပ်ရောက်လာ၍ဖြစ်၏။

ပါဆယ်ပို့လိုက်သူမှာ မေသူ။ ပါဆယ်က ဦးဂျမ်းလုံချည် တစ်ထည်ဖြစ်၏။ လုံချည်နှင့်အတူ စာလေးတစ်ကောင်. . အဲလေ တစ်စောင်ပါလာ၏။

ကိုကိုဆရာ..

နေကောင်းရဲ့လားဟင်..။ မေသူ ဘိမြောက်ဒိုးတွေမကမြောက်နေလို့။ ဘိမြောက်ထဲမှာ လေ ဆရာကိုကိုကို ယမမင်းကြီးက ရှုံးနေတယ်လေ။

ဒါကြောင့် ဆရာကိုကိုကို သတိရပြီး လုံချည်တစ်ထည်ပို့ပေးလိုက်တယ်။ ဆရာ ဝတ်မယ်ဆို သိမ်းထားနော်..သေရေးရှင်ရေးဆိုရင်တော့ သုံးပေါ့နော်..ကိုကိုနော်..

မေသူ

"ဘာလဲဟ. . လုံချည်ပို့ပြီး မဝတ်နဲ့တဲ့"

ဂျစ်ပွေးကာညည်းတော့ မြင့်မြတ်က ဝေဖန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . မင်းသေရေးကျဝတ်စရာမရှိမှာစိုးလို့ နေမှာပေါ့"

"သူ့အိပ်မက်ကလည်း ယမမင်းက ဖျူးတာတဲ့။ ဂျာနယ်က ဖျူးတာယ်ဆို ဟုတ်တုတ်တုတ်"

"ဒါတော့ သူမက်တာသူပြောတာပဲကွာ။ မင်းအပေါ်တော့ သံယောဇဉ်ရှိရှာပါတယ်။ လုံချည်အကောင်းစားကြီး ဝယ်ပေးလိုက်တာကြည့်။ ဘာပဲပြောပြော မဝတ်နဲ့ဆို စိတ်ချတဲ့နေရာမှာ သိမ်းထားလိုက်ကွာ"

"ဘယ်မှာသိမ်းရမှာလဲ"

"အပေါင်ဆိုင်"

"အိုကေ. . အောရိုက်. . ပေါင်ထားလိုက်မယ် . . ရှဲ. . ရှဲ"

"အဲ့ဒါ အကောင်းဆုံးသိမ်းဆည်းနည်းပဲ"

မြင့်မြတ်တို့ ပေါင်နှံရမည်ဆို ကျွမ်းသည်။ ရှိသမျှ အဝတ်အထည်တွေလည်း ပေါင်ထားကြရတာ မနည်းတော့။

ဆရာသမားတွေက အဝတ်စားသစ်လေးပေးလိုက် သူတို့က ပေါင်ထားလိုက်နှင့် ဟုတ်နေကြ၏။

"ဟေ့မြင့်မြတ်. . မင်းကိုငါပေးထားတဲ့ပုဆိုးအသစ်ကို ဝတ်တာမမြင်ပါလား"

"အော်. . ဆရာဟောပြောပွဲတုန်းက ရခဲ့တဲ့ပုဆိုးလား"

"အေးလေ. . အကောင်းစားကြီး"

"ဟုတ်တယ် ဆရာ. . ဆရာပေးတဲ့လုံချည်က ကောင်းလွန်းလို့ မဝတ်ရက်ဘူးဖြစ်နေတယ်ဆရာ"

"မဝတ်ရက်လည်း ပြန်ပေးကွာ။ အကောင်းတစ်ထည်လဲပေးမယ်"

"မလုပ်ပါနဲ့ဆရာ. . ဆရာရက်ရက်ရောရောပေးထားတဲ့ လုံချည်အကောင်းစားကြီးကို ကျွန်တော်မဝတ်ရက်တာနဲ့ တယုတယ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားပါတယ်ဆရာ"

"ဘယ်မှာသိမ်းတာလဲ။ အပေါင်ဆိုင်လား"

"ဟုတ်. . အယ်. . မဟုတ်"

မြင့်မြတ်ကိုကြည့်၍ လုံချည်ပေးသည့်ဆရာမိုးကြယ် ပြုံးသည်။ ဘာမှတော့ ဆက်မပြောတော့။ ဆက်ပြောလျှင်လည်း အပေါင်လက်မှတ်ပြလာလျှင် ရွေးဖို့ပေးနေရဦးမည်။ ဖာသိဖာသာနေတာပဲကောင်းပါ၏။

မြင့်မြတ်က ဂျစ်ပွေးရသည့်လုံချည်ကို ကိုင်ကြည့်ရင်း. .

"အတိုးဆီသွားထားလိုက်ရရင်တော့ နှစ်ထောင်တော့ သေချာတယ်" ဟုတွေးနေ၏။

မြင့်မြတ်က လုံချည်ကိုပေါင်ဖို့ စိတ်ကူးနေခိုက် ဂျစ်ပွေးက မေသူ၏အိပ်မက်ကိုတွေးနေ၏။ ယမမင်းကြီးနှင့်တွေ့နေ၏။

"မောင်မင်းနာမည်"

"ဂျစ်ပွေး"

"မဟုတ်ဘူး. ."

"ဟုတ်ပါတယ်. . ဂျစ်ပွေးပါ. . တစ်တိုင်းပြည်လုံး သိကြပါတယ်"

"မဟုတ်ဘူး. . မင့်နာမည် မောင်မောင်ခန့်ချော မဟုတ်လား. ."

"အော်. . အဲ့ဒါ ငယ်နာမည်"

"မင်းရဲ့ မိဘနာမည်ပြော"

"ဟုတ်ကဲ့ အမိဒေါ်မေချော. . အဘက. ."

"ဟိတ်. . အဘနာမည်အရင်းပြောလေ"

"ဟင်. . ယမမင်းကြီး မေးတာကမိဘနာမည်ဆို. ."

"အေးလေ. . မင်းရဲ့မိဘနာမည်မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . မိဘနာမည်ဆိုတော့ အမိနာမည်အရင် ပြောရမှာပေါ့"

"မဟုတ်ဘူး. . ဖခင်နာမည်အရင်ပြောရတယ်မှတ်ထား"

"ဒါဆို မေးခွန်းပြန်မေးပါ"

"အံမယ်. . ဘယ်လိုပြန်မေးရမှာလဲ"

"ဖမိနာမည်ဘယ်လိုလဲလို့မေး"

"အယ်. . ဟုတ်သလား. . မင်းနဲ့ကျမှပဲ ရှုပ်တော့တယ်. . တဲ. . မင်းရဲ့ဖမိနာမည်ကိုပြော"

"အမိ. . ဟဲ. . အဘနာမည် ဦးတည်ခန့်၊ အမိက ဒေါ်မေ ချော. . သားသားနာမည် ဂျစ်ပွေး"

"ဘာမှလည်း မဆိုင်ဘူး. . မင်းနာမည် မောင်မောင်ခန့် ချော. . မိဘနာမည်အကုန် ပါတယ်"

"ဖမိနာမည်ပါတယ်ပြောစမ်းပါ"

"တော်ပြီကွာ. . သျှာမရှည်နဲ့. . မင်းကိုယမပြည်ရောက် သူတိုင်း မေးရတဲ့မေးခွန်းတွေမေးမယ်. . မှန်မှန်ဖြေ"

"အိုကေ. . အောရိုက်. . "

"မောင်မင်း. . လူသေမြင်ဖူးလား"

"မြင်ဖူးပါတယ်. . ရေဝေးမှာဆို ပေါမှပေါ"

"ငါလည်း တစ်နေ့ ဒီလိုသေရမှာပါလားလို့ သံဝေဂဖြစ် ဖူးလား"

"မဖြစ်ဖူးပါဘူး၊ သူတို့တတွေသေျာကုန်ကြပေမဲ့ ငါမသေျှာ သေးဘူး။ မသေျှာခင် ကောင်းကောင်းစားနိုင်၊ ဝတ်နိုင်၊ နေနိုင် အောင်ကြိုးစားမှလို့ပဲ တွေးဖူးပါတယ်"

"ကျွတ်. . သနားတယ်. . တဲ. . မောင်မင်းက စာမေးဆရာ ဆိုလို့ စာပေနဲ့ဆိုင်ရာမေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ. . မေးပါ"

"ဘာ့ကြောင့်စာရေးလဲ. ."

"ပုန်းမှန်ဖို့ ဆော်ကြည်တဲ့ ဂေါ်လီလုပ်ဖို့. ."

"ကျွတ်. . သနားတယ်"

"ရပါတယ်"

"ကိုယ့်ကို စင်တင် မြှောက်မြှောက်ပေးတဲ့ဆရာသမားတွေအပေါ် လေးစားသမှုပြုခဲ့လား"

"ပြုရလား. . ကိုယ်ရေးတတ်လို့ ကိုယ်တော်လို့စာရေးဆရာဖြစ်လာတာ၊ မရေးတတ်ရင် သူတို့ထုတ်ဝေပေးလို့ရမလား. . ပြော"

"ကျွတ်. . မပြောချင်တော့ဘူး. . ဆရာသမားတွေကို ကျေးဇူးရှင်ဆရာတွေပဲလို့တွေးမိလား"

"မတွေးမိပါဘူး. . ဆရာတွေက တန်းမတူသေးဘူးလို့ ပြောတာ ဘာတန်းလဲ. . ထမီတန်းလားလို့တောင်ပြောခဲ့ပါတယ်"

"ကျွတ်. . ဆက်မမေးချင်တော့ဘူး. . မောင်မင်း. . သူတို့နဲ့လိုက်သွားပြီးကြည့်လိုက်"

ယမမင်းကြီးစကားဆုံးတော့ ယမသားနှစ်ဦးက ဂျစ်ပွေးကို တစ်ဖက်တစ်ချက် ညှပ်ခေါ်သွား၏။

အခန်းကျယ်ကြီးတစ်ခုရှေ့ရောက်တော့ ရပ်လိုက်၏။ အခန်းတံခါးအသာပွင့်လာ၏။

လား. . လား. . အခန်းထဲမှာတော့ ငရဲခန်းမှ ငရဲခန်းစစ်စစ်။ စာပင်ကပ်ထားသေး၏။

စာရေးဆရာများအတွက်သာ

စာရေးဆရာများအတွက်ဆို၍ ဘူဖေးကျွေးပြီးလက်ဆောင်တွေပေးနေသည်မထင်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ငရဲသားများက ရောမကလောင်တံကြီးများ၊ ဘုတ်အုပ်ကြီးများကိုကိုင်၍ လွယ်အိတ်လွယ်ထားသော စာရေးဆရာအချို့ကို လိုက်ထိုးသတ်နေကြ၏။ ဘုတ်အုပ်နှင့် ငါးခေါင်းထုသလိုထုသတ်နေကြ၏။

ဂျစ်ပွေးထက်သာသော နှုတ်ခမ်းမွှေးစစ်နှင့် ဆရာတစ်ယောက်က သူ့ကိုထိုးအံ့ဆဲဆဲငရဲသားကို တားလိုက်၏။

"ဟိုး. . စတော့. . နေရပ်"

ငရဲသား အူကြောင်ကြောင်နှင့် ကလောင်လှံကြီးကို ရပ်လိုက်၏။ ပြူးကြည့်နေ၏။

"မပြူးနဲ့. . ဗျူးမလို့. . "

အော် ဂျာနယ်လစ်ကိုး။ အရေးထဲဗျူးမယ်လုပ်နေသေး၏။

"ကလောင်လှံကြီးက ကြီးလှတယ်။ ဘာနဲ့လုပ်ထားတာလဲ စတီးလား၊ ပလက်တီနမ်လား"

ငရဲသားမဖြေ။ ကြောင်ကြည့်ကြည့်တာ တုံဏှိဘာဝေလုပ်နေ၏။

"ငရဲလုပ်သက် ဘယ်လောက်ရပြီလဲ"

"ဆယ်နှစ်"

ငရဲသားကဖြေသည်။ ဂျာနယ်လစ်ကဆက်မေးသည်။

"ငရဲမှာ လုပ်ရတာပျော်ရဲ့လား"

"ပျော်မလားဟဲ့. . မသာရဲ့. . နင်တို့အကုသိုလ်ကောင်တွေကို ထိုးသတ်နေရတာ နားရတယ်ကိုမရှိဘူး"

"အို. . စိတ်မတိုနဲ့. . ဒေါသမထွက်နဲ့. . ငရဲကြီးလိမ့်မယ် . . မေးတာပဲဖြေ"

"ဖြေဘူး. . "

"ဖြေပါ. . ငါကဂျာနယ်လစ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျာနယ်လစ်ဘာဖြစ်လဲ၊ ငါက ငရဲသား. . မင်းကိုထိုးဖို့ စတီးကလောင်လှံကိုင်ထားတာ"

ငရဲသားက စိတ်မရှည်ဘဲ ကလောင်လှံကြီးနှင့် ထိုးလိုက်လေရာ ဂျာနယ်လစ်ခမျာ. . .

"အီး. ."

ဟုအော်ရင်း အီးရောချီး(ချေး)ရော ထွက်လေတော့၏။ ဂျာနယ်လစ် လျှာတစ်လစ်ဖြစ်လို့။

ဂျစ်ပွေးက ထိုမြင်ကွင်းကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်၏။

"ဟား. . ဟား. . မင်းတို့ငရဲက ကလောင်လှံလောက်တော့ ရယ်တာပေါ့. . ငါက ဆရာ့ဆရာကြီးတွေရဲ့ကလောင်ကိုတောင် မမှု ခဲ့တာ"

"မမှုလဲသွားဟာ. ."

ဟုဆိုရင်း ငရဲသားတစ်ဦးက ဂျစ်ပွေးကိုဆောင့်ကန်လိုက်ရာ ဂျစ်ပွေးခမျာ

"အမယ်လေး. ."

ဟုအော်ကာ ကားကနဲမှောက်လျက်ကျသည်နှင့် ငရဲသားများ ဝိုင်းအုံလာပြီး ဘုတ်အုပ်နှင့်ထု၊ ကလောင်လှံနှင့်ထိုးသတ်ကြလေတော့၏။(မှတ်ချက်. . . ဤငရဲခန်းမှာ စာရေးဆရာများအတွက် သီးသန့်ဖွင့်လိုက်သော နောက်တိုးငရဲခန်းဖြစ်ချေ၏။ ယုံ။)

"အား. . အား. . ကြောက်ပါပြီဗျ"

ဂျစ်ပွေးက ယောင်၍အော်တော့ မြင့်မြတ်က ကမန်းကတန်းပြောသည်။

"မင်းလုံချည်မှာ ဘာကျောက်မှမပါပါဘူး. . ပေါင်းလည်း နှစ်ထောင်ထက်ပိုမရနိုင်ဘူး. . ဟွန့်"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်. .

သူတို့နှစ်ဦးလုံး ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်သွားကြ၏။

ချစ်ပွေးတို့ငြိမ်ပြီဆိုလျှင်. .

□ □ □



www.burmeseclassic.com

www.burmeseclassic.com

< ၇ >

စာနယ်ဇင်းမိတ်ဆက်ပွဲလေးတစ်ခု။

တိတိပပဆိုရလျှင် စာအုပ်မိတ်ဆက်ပွဲဖြစ်သည်။ ကိုရွှေအောင်သင်း၏စာအုပ်သစ်မိတ်ဆက်ပွဲပါ။

ကိုရွှေအောင်သင်းက လူငယ်စာပေတွေမပြတ်ရေးသည်။ ထုတ်သည်။ အရှုံးအမြတ်ကို အဓိကမထား။

စာအုပ်ထွက်လျှင်တော်ပြီ။ ပျော်သည်ဆိုသည့်စာရေးဆရာပါ။ သူ့ငွေနှင့်သူ ထုတ်၏။ သူ့ငွေနှင့်သူ ရှုံးတော့ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလို။

အဲ. . ချင်းချက်အနေဖြင့် သူ့အိမ်သူသက်ထားကိုတော့ ဂရုစိုက်ရ၏။ အရှုံးလျှော့ပြရ၏။

တခြားစီးပွားရေးသမားတွေက အမြတ်စာရင်းကိုသာလျှော့ပြကြသည်။ သူကတော့အရှုံးစာရင်းကိုသာ လျှော့ပြရ၏။ ဒါ ကွာခြားချက်။

ထိုနေ့ စာအုပ်မိတ်ဆက်ပွဲသို့ စာနယ်ဇင်းသမားတော်တော်



www.burmeseclassic.com

www.burmeseclassic.com



များများတက်ရောက်ကြ၏။ မတတ်၍လည်းမဖြစ်။

စာအုပ်လည်း လက်ဆောင်ရမည်။ အကျွေးအမွေးက ကြာဇံကြော်နှင့်အအေးဟု သတင်းရထားပြီးပြီ။ လိုက်ဖက်လေစွ။

ထိုပွဲသို့ လူထူးဆန်းနှစ်ယောက်လည်း တက်ရောက်လာကြ၏။

မည်သူများဖြစ်ရမည်နည်း။

ကိုရွှေဂျစ်ပွေးနှင့် ကိုရွှေမြင့်မြတ်တို့ဖြစ်သည်။ သူတို့နှစ်ဦးက ပူးတွဲထိုင်နေကြတော့ ကိုရွှေတောသားက ခပ်ဝေးဝေးသွားထိုင်နေသည်။ မဟုက်ရင်

"ဒါဆရာ့မြေးတွေလား"

ဟုမေးလာသော် မခက်လော။

ဒါတောင် ကိုရွှေအောင်သင်းက အမှာစကားပြောနေတုန်း အဗျူးခံလိုက်ရသေးသည်။

"ဆရာကိုရွှေအောင်သင်းကို မရှင်းတာလေးမေးပါရစေ"

"မေးပါ. . မေးပါ"

"ဆရာ့မှာ သားနှစ်ဦးရှိပါသလား"

"ဗျာ"

ဆရာ့မှာ သားနှစ်ဦးရှိသလားလို့ မေးတာပါ"

"မရှိပါဘူးခင်ဗျ. ."

"ဒါဆို ကိုရွှေဂျစ်တူးနဲ့ ကိုရွှေမြင့်မြတ်ဆိုတာ ဘယ်လိုဖြစ်သာရတာလဲ"

"အယ်. . ပြဿနာ. . ဟို. . ဟို ဆရာကိုရွှေတောသားကိုမေးကြည့်ပါလားခင်ဗျာ"

ကိုရွှေအောင်သင်းက လမ်းကြောင်းပြောင်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျားဆရာက ကိုရွှေတောသားဘက်လှည့်သွားသည်။

"ဆရာကိုရွှေတောသားခင်ဗျာ"

"ဗျာ. . ဗျ"

"ကိုရွှေဂျစ်တူးနဲ့ ကိုရွှေမြင့်မြတ်တို့ကိုစွရှင်းပြပါ"

"ရှင်းပြဖို့ မလိုပါဘူး. . ဒါ ဒူးမနာသားတွေပါ"

"ဒူးမနာသားဆိုတာ ဘာကိုဆိုလိုပါသလဲဆရာ"

"ရှင်းပါတယ်. . သူတို့က သူတို့အဖေတွေကို အားကျပြီး သူတို့ဖာသာသူတို့ ဒီကလောင်နာမည်တွေပေးထားလေတော့ ကျုပ်တို့ရဲ့ဒူးမနာသားလေးတွေ အော်တိုဖြစ်တော့တာပေါ့ဗျာ။ ဒါပါပဲ. . ရှင်းရှင်းလေးပါ"

ကိုရွှေတောသားစကားကြောင့် ကိုရွှေဂျစ်ပွေးနှင့် ကိုရွှေမြင့်မြတ်တို့ ဇက်လေးတွေပုသွားကြ၏။

ကြာဇံကြော်ကို ငုံ့လွေးနေကြတော့သည်။ ကိုရွှေမြင့်မြတ်က သူ့ဘေးက ကြာဇံကြော်ပန်းကန်ကို မကာအသင့်ယူလာသော ကျွတ်ကျွတ်အိတ်ထည့်၍ လွယ်အိတ်ထဲ တိုးထည့်လိုက်သေး၏။

စာနယ်ဇင်းသမားများမြင်သော်လည်း မမြင်ဟန်ဆောင်နေလိုက်ကြ၏။ ဒါကဒီငပွေးနှစ်ကောင် လုပ်နေကျအလုပ်ကိုး။

ကိုရွှေအောင်မင်းကတော့ မျက်စေ့မျက်နှာပျက်နေပြီ။ ပွဲက သူ့ပွဲလေ။ သူအကုန်အကျခံပြီး လုပ်သည့်ပွဲ။

ဒါကို ငတိနှစ်ကောင်က ဘယ်ချောင်ကပေါ်လာသည်မသိ။ သူတို့မသိအောင်လုပ်တာမှ သိပြီးရောက်လာသေးသည်။ ငပွေးနှစ်ကောင်ကား ဖိတ်စာရရမရရ တက်မယ်ဆိုတဲ့ဟာမျိုး။

အရေးထဲပြဿနာက တက်သေးသည်။

ပြဿနာကို သယ်လာသူကား စာရေးဆရာမမြတ်နိုးသွယ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကသာ မြတ်နိုးသွယ်ဖြစ်သည်။ လူပုံကမသွယ်ပါ။

အရပ်မြင့်သည်။ အသားညိုသည်။ စကားဝဲသည်။ မြိတ် (ဘိတ်)သူကိုး။

စကားဝဲတာအရေးမပါ။ အရေးပါတာ ဘုကျတတ်သည့်ကိစ္စ။ သူမကလည်းဘောက်ဆတ်ဆတ်ရယ်။

အရပ်ရှည်သလောက် စိတ်ကမရှည်။ လူကောင်ထွားသလောက် စကားများသည်။

သူမက နောက်ကျမှရောက်လာပြီး ငွေနှစ်ကောင်နားဝင်ထိုင်သည်။

ချစ်ငွေတို့ဘေးက ခုံမှာလူမရှိဘဲ ကြာဇံကြော်ပန်းကန်မှာ ကြာဇံကြော်တွေပြောင်နေသည်။ ဒါကိုကြည့်ပြီး ဆရာမကရစ်သည်။

"ဟိတ်. . ချာတိတ်"

"ဘာလိုပါသလဲမမ"

"ကြာဇံကြော်. . "

"ဟင်. . စားပြီးပြီမဟုတ်လား"

"ကျွတ်. . ငါကအခုမှရောက်လာတာ"

ဆိုင်ကချာတိတ်ခေါင်းကုတ်သည်။ လူမရှိဘဲ ပြောင်နေသည့်ပန်းကန်ကိုတစ်လှည့် ချစ်ငွေတို့ကိုတစ်လှည့်ကြည့်သည်။

ပေစောင်းစောင်းနှင့် ပန်းကန်ကိုယူသွားသည်။ ပေစောင်းစောင်းနှင့်ပြန်လာပြီး ပွဲသစ်ချပေးသည်။

ချစ်ငွေတို့ကို ပေစောင်းစောင်းကြည့်ပြီး ပြန်သွားသည်။ အံမယ်. . ရပ်ပြီး သမင်လည်ပြန်ကြည့်လိုက်သေးသည်။

ချစ်ငွေနှစ်ကောင်ကတော့ အေးဆေးပဲ။ သူတို့နှင့်ဘာမှမဆိုင်သလို လက်ကလေးတွေပိုက်လို့။ မှင်အပြည့်နှင့်။

မြတ်နိုးသွယ်က ကြာဇံကြော်ကို အပြတ်တွယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အအေးကိုစုပ်ကာ ဂျစ်ပွေးနှစ်ဦးကို တိမ်းငဲ့ကြည့်သည်။ ပြီး သတိရသွားဟန်ဖြင့်. .

"ဟော့. . ဟိုနေ့က ဆရာမောင်ညဏ်ကျယ် လေအန်ကုန်းမှာပေးတဲ့ စာအုပ်လက်ဆောင်ကို ဆရာယူသွားတယ်ဆို"

"ဘယ်သူပြောလဲ"

ဂျစ်ပွေးကမေးတာ။

"ကိုမောင်သန်းဝင်းပြောတာ"

"ဟိုမှာ ကိုမောင်သန်းဝင်းထိုင်နေတယ် သွားမေးလေ"

"သွားမေးစရာ မလိုဘူး။ ကိုမောင်သန်းဝင်းက မဟုတ်တာမပြောဘူး. . ပြောဘယ်သူ့ဆီမှာလဲ"

"သူ့ဆီမှာ"

ဂျစ်ပွေးကမြင့်မြတ်ကိုမေးငေါ့ပြလိုက်၏၊ မြင့်မြတ်စွန့်သွားသည်။ လွယ်အိတ်ကိုဆုပ်ကိုင်လိုက်သည်။

ဒါကိုမြင်သော မြတ်နိုးသွယ်က တချက်ပြုံး၍ မြင့်မြတ်လွယ်အိတ်ကိုလှမ်းဆွဲသည်။

"ဆရာ ပါရဲ့သားနဲ့. . ပေး. . "

"ပါဘူး. . ပေးဘူး. . "

မြင့်မြတ်က လွယ်အိတ်ကိုပိတ်လိုက်ရင်း ညင်းသည်။ သည်တော့ မြတ်နိုးသွယ်က ပိုမသက်ာဖြစ်ပြီး လွယ်အိတ်ကို အတင်းဆွဲလုလိုက်၏။

သူတို့တတွေ ရုတ်ရုတ်ရုတ်ရုဏ်လုပ်နေတာကိုမြင်သော ကိုရွှေအောင်သင်း ခေါင်းကုတ်၍ညည်း၏။

"ဒုက္ခပါပဲ. . မဖိတ်ဘဲရောက်လာကြပြီး ပြဿနာရှာနေကြတယ်. . အမေကယ်ပါ. . သားမှားပါပြီခင်ဗျ"

ဘယ်အမေကို တ,နေမှန်းသဲသဲကွဲကွဲမသိရ။ ပုပ္ပါးမယ်တော်



www.burmeseclassic.com

www.burmeseclassic.com



လား။ နံကရိုင်းမယ်တော်လား၊ အနောက်မယ်တော်လား. . ဒါမှ မဟုတ် မွေးမေမေကိုလား ရှင်းလင်းစွာတင်ပြထားခြင်းမရှိချေ။

သူတို့ကြောင့် အခန်းနားမှုလုပ်သူမှာ စကားပြောတွေမှား လိုမှား ဖြစ်နေတော့၏။

"ရန်မဖြစ်ကြပါနဲ့ခင်ဗျာ၊ ဒါစာအုပ်သစ်မိတ်ဆက်ပွဲပါခင်ဗျာ၊ စာအုပ်လုယက်ပွဲမဟုတ်ပါဘူး။ ငြိမ်ကြပါ။ တော်ကြာ စာအုပ်ဝေ တော့မှာပါ"

ဒါလည်း ထိုသုံးယောက်ကမငြိမ်။

မြတ်နိုးသွယ်လက်ထဲက လွယ်အိတ်ကို မြင့်မြတ်ကပြန်လု နေ၏။

မြတ်နိုးသွယ်က သန်သည်။ မြင့်မြတ်လောက်တော့ စပျော့။ မြတ်နိုးသွယ်က လွယ်အိတ်လက်ထိုးနှိုက်လိုက်၏။

"ဟိုက်. . ဘာတွေလဲ. . ဘာတွေလဲ"

မြတ်နိုးသွယ်မျက်လုံးပြူးသွား၏။ ပျော့စိစိ လုံးထွေးထွေး တွေသူ့လက်မှာ ပါလာတာကိုငုံ့ကြည့်ရင်း မှင်သက်နေ၏။ သူမတာ ရွံတတ်သည်။

အခုသူ့လက်ထဲကအရာ ဘာတွေမှန်းမသိသဖြင့် တွေကြည့် နေခြင်းပင်။

ဂျစ်ပွေးအခြေနေကိုထိန်းသည်။

"ဆရာမကြည့်မနေနဲ့. . အဲ့ဒါ ကြာဖ်ကြော်တွေစားပစ်လိုက် လူတွေမြင်ကုန်မယ်"

"ကြာဇံကြော်. ."

"ဟုတ်တယ်ဆရာမစားပစ်လိုက်"

ဂျစ်ပွေးစကားကြောင့် မြတ်နိုးသွယ်ယောင်ပြီး ပါးစပ်ထဲ သည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဝေါ့. ."

ပြီးမှ ထိုးအံ့ပစ်သည်။ မြင့်မြတ်ခမျာလည်း ဘာပြောလို့ပြောရမှန်းမသိတော့။

ဆိုင်ကကောင်လေးပြေးလာပြီး လွယ်အိတ်ကိုယူကာ ဖွင့်ကြည့်သည်။ ပြီး. . တိုးတိုးပြောသည်။

"ကျန်သေးတယ်ဆရာ. . ဒိုးတော့"

မြင့်မြတ်ကမြန်သည်။ လွယ်အိတ်ကိုဆွဲယူပြီး ဒိုးတော့၏။ ဂျစ်ပွေးလည်းကပ်ပါသွားသည်။

စားပွဲပေါ်မှာတော့. .

မြတ်နိုးသွယ်အံ့လိုက်သည့်အံ့ဖတ်များ. .

မျက်လုံးပိတ်ကာ အံ့ကြိတ်နေသည့် မြတ်နိုးသွယ်။

မျက်လုံးကြီးပြူးကာ ခေါင်းကိုတဖျင်းဖျင်းကုတ်ရင်း ညည်းနေရှာသည့် ကိုရွှေအောင်သင်း. .

"သွားပြီ. . ပွဲပျက်ပါပြီ. . ငါပဲကလောင်နာမည်ပြောင်းတော့မယ်. . အမေကယ်ပါ"

လုပ်ပြန်ပြီ။ ဘယ်အမေ့တ,မှန်းမသိ။

နတ်လား လူလား တိတိပပမသိရ. .။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## < ၈ >

ဂျစ်ပွေးမျက်နှာသိပ်မကောင်း။

မေသူ့ထံမှ စာမလာတာ ကြာပြီဖြစ်သောကြောင့်။ သည်ကြားထဲ စီးပွားရေးကလည်း မပြေလည်။

ရသမျှစာမူခတွေကလည်း မိခင်ထံ ပို့သလိုလိုနှင့် သုံးဖြုန်းပစ်တာများပြီ။

ဆရာမောင်သွေးချိုနှင့် မန္တလေးပြင်ဦးလွင်သို့ စာသွားရေးပြီးကတည်းက စိတ်ကြီးဝင်ကာ တည်းခိုခန်းမှာစာသွားရေးသတဲ့။

တစ်နေ့ရှစ်ထောင်ပေး၍ပင်တည်းသတဲ့။ သူ့ဆရာ မောင်သွေးချိုပင်လျှင် ငါးထောင်တန်အခန်းထက်ပိုမတည်း။ သူကပိုသည်။ ပိုဆို သူကဂျစ်ပွေးလေ။

ထိုဂျစ်ပွေးနာမည်နှင့် ပတ်သက်၍ ရယ်စရာတစ်ရပ်ကြုံရသေးသည်။

ဂျစ်ပွေးကသူ့စာအုပ်တစ်အုပ် ထုတ်ဝေဖို့အတွက် ထုတ်ဝေရေးအသစ် အမျိုးသမီးထံ လူကြုံနှင့်စာရေးပေးသိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထုတ်ရေးကိစ္စအတွက် သူ့ထံဖုန်းဆက်ပါပေါ့။ လေအာန်တူန်းက ဇင်မင်းမောင်လှက်ရှည်ဆိုင်ဖုန်းနံပါတ်ပဲ ပေးလိုက်သည်။

ဟိုကလည်း ဖုန်းဆက်ရှာပါသည်။

ဖုန်းလာတော့ ဇင်မင်းမောင်လှက်ရှည်ဆိုင်ရှင် ဆရာကြီးက စာရေးဆရာများရှိရာဝိုင်းသို့ လှမ်းအော်ခေါ်သည်။

"ဆရာရှစ်ဆယ့်နှစ်ပွေး. . ဖုန်း. . "

"ဘာ. . ဘယ်သူ. . "

"ဆရာရှစ်ဆယ့်နှစ်ပွေး. . တဲ့"

ရေးဆရာတွေ ခေါင်းကုတ်ကြ၏။ ဂျစ်ပွေးကိုဝိုင်းကြည့်

ကြ. . .

ဂျစ်ပွေးငေါက်ခနဲထသွား၏။ ဖုန်းကိုလှမ်းယူ၍ပြောသည်။

"ဟုတ်တဲ့ စာရေးဆရာဂျစ်ပွေးပါ"

". . . . . . . . . . . ."

"ဘယ်ကလာ ရှစ်ဆယ့်နှစ်ပွေးရမှာလဲ ဂျစ်ပွေးပါဆို. . "

". . . . . . . . . . . ."

"ဘယ်ကရှစ်ဆယ့်နှစ်စသတ်ပွေးရမှာလဲ. . သေချာပြန် ဖတ်. . ဂျစ်ပွေး"

". . . . . . . . . . . ."

"ဟုတ်တယ်ဂျစ်ပွေး. . ဂျစ်ပွေးမှန်းမသိ ရှစ်ယ့်နှစ်ပွေးမှန်း မသိ လာစားနေတယ်"

". . . . . . . . . . . ."

"အော်. . ထုတ်ဝေသူ ခင်မမဆိုတာလား. . ဆောရီးနော် . . သားသားစိတ်လေသွားလို့. . ပြောလေမမ. . "

". . . . . . . . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . သားသားကိုယ်တိုင်ရေးတာပေါ့. . ရင်ဘတ်ကြီးနဲ့တိုင်ရေးတာမမ. . မမရဲ့အသံက သာယာတယ်နော်. . ဒါထက် မမအသက်ဘယ်လောက်ရှိပြီလဲဟင်"

အရေးထဲ ဘူးကျနေသေး၏။ ဟိုတဘာပြန်ဖြေသည်မသိ။ ဖျစ်ပွေးဖုန်းကို ဂျောက်ကနဲချလိုက်သည်။

ဆရာများက ဝိုင်းမေးကြ၏။

"ဘယ်လိုဖြစ်တာလဲ"

"အလကားစားနေတာပါ ဆရာတို့ရာ. . ဂျစ်ပွေးမှန်းမရှစ်ဆယ့်နှစ်ပွေးမှန်းမသိ"

"ဘယ်သူလဲ"

"ထုတ်ဝေသူအသစ် မမပေါ့"

"ဒါနဲ့များဖုန်းကို ဘာလို့ဆတ်ကနဲချပစ်လိုက်ရတာလဲ"

"မချလို့ဖြစ်မလားဗျ။ အသံလေးကချိုသာလွန်းလို့ အသက်မေးလိုက်မိပါတယ်"

"ဘယ်လောက်လို့ပြောလို့လဲ"

"ခုနှစ်ဆယ့်တစ်နှစ်စွန်းတဲ့ဗျာ"

"ဝါး. . ပါး. . ဟား. . "

စာရေးဆရာများ ဝိုင်းရယ်ကြ၏။ ဆရာမိုးကြယ်ကကွန့်သည်။

"ခုနှစ်ဆယ့်တစ်နဲ့ ရှစ်ဆယ့်နှစ်ပွေးကြားမှ ဆယ်တစ်နှစ်လေးကွာတာကိုများကွာ. . "

ဂျစ်ပွေးဘာမှပြန်မပြော. . ခေါင်းငုံ့နေရှာသည်။ ငြိမ်နေပါလေ၏။

ဂျစ်ပွေးငြိမ်လျှင်တော့. . ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# < ၉ >

ရှုသွပ်တယ်ဆိုဆို. .

ကြောင်တယ်ပဲပြောပြော. .

ဂျစ်ပွေးတစ်ယောက် ရောဂါထနေသည်။

ရောဂါက ဖိနပ်ရောဂါ။

တိတိကျကျပြောရလျှင် "ရွှေရောင်ဒေါက်မြင့်ဖိနပ်လေး" ရောဂါ။

ရောဂါက ကူးစက်ခံရခြင်းဖြစ်သည်။ ကူးဆက်ပုံက သူ ဗီဒီယိုကားတစ်ကားကို ကြည့်ဖြစ်သည်။

သည်ကားထဲမှာ မင်းသားက မင်းသမီးဖိနပ်ပြုတ်သွားတာ မြင်တော့ မင်းသမီးမသိအောင် ဖိနပ်လေးဝယ်၍လဲပေးထားသည်။

သင်တန်းအတက်မှာ ဖိနပ်ပြုတ်လို့ သင်တန်းအခန်းဝင်ဝမှ ဖိနပ်ပြုတ်လေးထားခဲ့ရသည့် မင်းသမီးက ဖိနပ်ကိုကြည့်လိုက်တော့ ဖိနပ်သစ်လေးဖြစ်နေ၏။

သူမ၏ရွှေရောင်ဒေါက်မြင့်ဖိနပ်လေးက မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ရှိမလား ငတိမင်းသားက ရှုးသွပ်စွာ ဖိနပ်ပြတ်နှလေးယူသွားပြီး တသသကြည့်နေသည်လေ။

ကြည့်စရာရှားပ့ါ။ ဖိနပ်အစား နားကပ်လေးတစ်ရံကောက်ရလို့ တသသကြည့်နေတယ်ဆိုမဆိုး။ အချိန်မရွေးပြေးပေါင်၍ရသည်လေ။

ခုတော့ ပေါင်မရ။ နှံမရ ဖိနပ်ပြတ်ကိုများ. . ကြောင်ပ့ါ။

ဘာပဲပြောပြော. .

ထိုကြောင်ကွက်လေးကိုပဲ ဂျစ်ပွေးကဟတ်ထိနေသည်။

"မေသူ့အတွက် ရွှေဖိနပ်လေးတစ်ရံ ငါဝယ်ဖြစ်အောင်ဝယ်ရမယ်. ."

"ဝယ်ပြီးရင် မေသူရှိရာ ပျဉ်းမနားကို အတင်းသွားပြီး သူ့ခြေဖဝါးနုနုလေးကိုကိုင် ရွှေရောင်ဖိပန်လေးကို ကိုယ်တိုင်စွပ်ပေးချင်တယ်ကွာလို့ ပြောလိုက်. ."

"ဂွတ်တယ်ဗျာ. . အိုကေ. . အောရိုက်. . ရိုက်ပဲ"

တစ်ယောက်ထဲပြောနေတာ၊ တစ်ယောက်ထဲကြံနေတာ။

ထိုအချိန်မှစ၍ ဖိနပ်ရူးရူးကာ ကုန်တိုက်အသွီးသီးသို့ ဖိနပ်ရှာပုံတော်ဖွင့်တော့၏။

ကိုရွှေမြင့်မြတ်လည်း မနေရ။ သူနှင့်အတူ ဖိနပ်အရှာထွက်ရတာ ဖတ်ဖတ်မော။

ဗိုလ်ချုပ်အောင်ဆန်းဈေးက ဖိနပ်ဆိုင်တွေဝင်မွှေသည်။

လွယ်အိတ်ကြီးတွေ တကားကား။ တစ်ယောက်က ဘောင်းဘီနှင့်ညှပ်ဖိနပ်နှင့် တစ်ယောက်က ယောလုံချည်နှင့် ရှပ်ရှည်လည်ကတုံးနှင့်။

လွယ်အိတ်ကြီးတွေကလည်း ကြီးမှကြီးဆိုတော့. .

ဆိုင်ကဝန်ထမ်းကလေးမလေးတွေခမျာ အွကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြရ၏။ သူတို့ကိုကြည့်၍ အချင်းချင်းဝေဖန်ကြ၏။

"တိုးရစ်တွေလား. ."

"ဘယ်ကတိုးရစ်ရမှာလဲ၊ သူခိုးငရစ်တွေပဲဖြစ်ဖို့များတယ်"

"သတိထားကြ။ လွယ်အိတ်ကြီးတွေကကြီးမှကြီး ကောက်ထည့်သွားလို့ ငါတို့လစာလေးတွေ ပြုတ်နေဦးမယ်"

"နေပါဦး. . မိန်းမစီးဖိနပ်နဲ့ သူတို့နဲ့ ဘာဆိုင်လို့လဲ"

"ဗိန်းပါ. . သူတို့ကောင်မလေးတွေကို ဝယ်ပေးမလို့နေမှာပေါ့"

"ဝယ်မပေးပဲ ခိုးပေးလိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်. . သေချာကြည့်ထားကြ"

ကောင်မလေးများ လက်တို့သတိပေးပြီး သတိနှင့်ကြည့်နေကြ၏။

ဂျစ်ပွေးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ရွှေရောင်ဒေါက်မြင့်ဖိနပ်လေးတစ်ရံကိုသာ စူးစိုက်ကြည့်နေ၏။

"ဟဲ့. . ဟိုရွှေရောင်ဖိနပ်လေးကိုသတိထားကြ. . တွေ့လား ကြည့်နေတယ်"

"ဟုတ်တယ်ဟ. . နေဦးငါသွားမေးမယ်"

ခပ်သွက်သွက်ကောင်မလေးက ဂျစ်ပွေးနားကပ်သွားပြီး ချိုသာစွာမေး၏။

"ကြိုက်လို့လားဟင်"

"ကြိုက်လည်းကြိုက်တယ်. . ချစ်လည်းချစ်တယ်. ."

"ရှန်. ."

"ဖိနပ်ကိုပြောတာပါ။ ပုံစံလေးကချစ်စရာလေး. . ငှက်သွင်ပြယ်ငမကာတ်ပဲ"

"ရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီဖိနပ်လေးကို ငါနာမည်လေးတောင်ပေးလိုက်ချင်တယ်"

"ရှင်. ."

"နတ်သမီးစီးတဲ့ဖိနပ်လို့လေ. . ဟုတ်ပြီ. . အဲ့ဒီ ခေါင်းစဉ်နဲ့ ဝတ္ထုတစ်ပုဒ်ရေးရမယ်"

"ဖိနပ်မှာနာမည်ရေးလို့မရပါဘူးရှင်"

"သိတယ်. . ဝတ္ထုရေးမှာပြောတာ၊ နတ်သမီးစီးတဲ့ဖိနပ်တဲ့ ရှင်းလား"

"ရှုပ်နေတယ်. ."

"ရှင်းရှင်းလေးပြောနေတာကို"

"ရှုပ်ကိုရှုပ်နေတာ၊ ရှင်းရှင်းမေးမယ်၊ ဒီဖိနပ်ကိုကြိုက်လို့လား"

"ကြိုက်လည်းကြိုက် ချစ်လည်းချစ်ပါတယ်ဆို ဘယ်နှစ်ခါပြောရမလဲ"

"ဝယ်မှာလား"

"ဝယ်ချင်တာပေါ့. . ဘယ်လောက်လဲ"

"နှစ်သောင်းသုံးထောင်. ."

"ဟင်. . များလှချည်လား"

"ဈေးမှန်ပဲ. ."

"ဝယ်ချင်ပါတယ် ပါတဲ့ငွေနဲ့ မမီဘူးဖြစ်နေတယ်"

"ဘယ်လောက်မမီတာလဲ နည်းနည်းပါးပါးလျှော့ပေးမယ်လေ"

"မဖြစ်ပါဘူး"

"ဘယ်လောက်လိုနေလို့လဲ"

"နှစ်သောင်းနှစ်ထောင့်ငါးရာထဲ လိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပွေးအဖြေကြောင့် ဝန်ထမ်းကောင်မလေးတင်းသွား၏။ မျက်နှာထားတင်းတင်းဖြင့် ပြော၏။

"လာနှောက်နေတာလား. . ဖုန်းဆက်လိုက်ရမလား"

"မနှောက်ပါဘူး. . တကယ်ပြောနေတာ၊ ဒီမှာကြည့် ငါးရာထဲပါတာ"

"ဒါဆိုလည်း ရှင်းရှင်းလေးပြောမယ်. . "

"ပြောလေ"

"ဒိုးတော့"

"ဘယ်ကိုလဲ"

"ရေဝေး"

အခြေအနေမဟန်သဖြင့် အသာလေးကုပ်ချောင်းချောင်း ပြန်ထွက်ခဲ့ကြရ၏။

ထွက်သွားရင်းမှ ကြိမ်းဝါးသွားသေး၏။

"နတ်သမီးစီးတဲ့ဖိနပ်" ဝတ္ထုရေးပြီးရင် ရတဲ့စာမူခနဲ့ အဲ့ဒီဖိနပ်ကိုလာဝယ်မယ်. . မသူရေ. . စောင့်ဦးနော်. . ကြာပါဘူး"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

《၁၀》

## "နတ်သမီးစီးတဲ့ဖိနပ်"

ဂျစ်ပွေးရေးမည့်ဝတ္ထုခေါင်းစဉ်ပါ။ ဇာတ်လမ်းကအထူးစဉ်းစားစရာမလို။ သူနှင့်မေသူတို့၏ ဒရမ်မာအချစ်ဇာတ်လေးဖြစ်သည်။

ဟာသကိုဦးစားမပေးထား။ ရင်ဘတ်ထဲမှာ တကယ်ခံစားရေးသားမည့် ဒရမ်မာဇာတ်ဖြစ်သည်။

ဇာတ်လမ်းလား။ ခိုင်ဖို့မလို။ ကျောရိုးမကောင်းလည်း ပြဿနာမရှိ။

ပင်လယ်ရေပြာပြာမလို။ ချောင်းသာမလို။ ငွေဆောင်မလို။ အဲ. . မေသူက ပျဉ်းမနားသူဆိုတော့. .

နေပြည်တော်ပါမည်။ ရေပန်းဥယျာဉ်ပါမည်။ ဆာဖာရီဥယျာဉ်ပါမည်။ တိရစ္ဆာန်ရုံပါမည်။

အင်. . ဒီနေရာတွေ သူမရောက်ဘူးသေး။ ကိစ္စမရှိ။



www.burmeseclassic.com

www.burmeseclassic.com



တီဗီထဲမှာကြည့်ဖူးထားသည်။ နေပြည်တော်ရှိ စာရေးဆရာဝေမိုးအောင်ကိုလှမ်းမေးလိုက်မည်။

တော်ရုံတန်ရုံအစလေးရလျှင် ဆက်ရှိုးဖို့မခက်။ ရှိုးနေကျ။ ဖြီးနေကျ။ ဒီအလုပ်တွေသူကျွမ်းပြီးသား။

သည်ဇာတ်ကိုရေးပြီးပါက ထုတ်ဝေသူထံအပ်။ ငွေထုတ်။ ဖိနပ်ဝယ်။

ကိုးအဝေး . . ပျဉ်းမနားကိုပြေး။ မေသူကိုတွေ့ . . ။ ရွှေဖိနပ်လေးလက်ဆောင်ပေး။ ပြီးတော့ . . . ။

စိတ်ကူးတွေယဉ်ရင်း မေသူထံစာတစ်စောင်ရေးပို့လိုက်သေးသည်။ ကဗျာတစ်ပုဒ်လည်းပါချေ၏။

<u>နှင်းသီးစီးတဲ့ ဖိနပ်</u>

မေသူရေ...
မင်းဟာနှင်းသီးလေးဆို..
မင်းစီးဖို့ငါ ဖိနပ်လေးတစ်ရံပို့လိုက်မယ်။
ရွှေရောင်ဖိနပ်လေးပေါ့...
ဖိနပ်လေးကို မင်းတိုးတိုးမေး..
ဖြည်းဖြည်းချင်း ပြောလိမ့်မယ်...
နှင်းသီးလေးရယ်.. သိပ်ချစ်တယ်တဲ့...
ဘဲ့ဒါ..ဘဲ့ဒါ..ဘဲ့ဒါ ပါပနော်..။

ဂျစ်ပြေး

မေသူ့အတွက် ရင်ဘတ်ထဲကလာတဲ့ ကဗျာလေး။ ရှာတယ်နော်။ ရှာဆိုဖိနပ်က ရွှေရောင်လေးကိုး...

ရွှေရောင်ဖိနပ်လေးကို မင်းအတွက်ပေးမယ်ပြီးရင် ကိုယ်ပျဉ်းမနားကိုတက်ခဲ့မယ်။ ပျဉ်းမနားရောက်ခဲ့သည်ကို ထမင်းစားမလား မမေးနဲ့။ ဟင့်အင်း..ဟင့်အင်း..စားဘူး..စားဘူး..။ ကိုစားမှာက နှင်းသီးတွေ

www.burmeseclassic.com



ဆဲ့ ဘာသည်းတံဆိပ်နတ်သုဒ္ဓါ. . ပေါက်တယ်ရှော့. . ဒါပဲ။

ကိုကိုလွင်

ကဗျာနှင့်စာကသင်းနေ၏။ နတ်သုဒ္ဓါတောင်ပါသကိုး။ နတ်သုဒ္ဓါတံဆိပ်က အသည်းတံဆိပ်တဲ့။ ကဲပဲ့။

“ဆရာ့စာက ပျံ့လှချည်လား”

ဂျစ်ပွေးစာနှင့်ကဗျာကိုဖတ်ပြီး မြင့်မြတ်ကပြောသည်။

“ဘာစာပျံ့တာလဲ။ ငှက်လားကဗျာလား. . ရှင်းရှင်းပြော”

“ဆရာ့ကဗျာနဲ့စာကို ပြောတာပါ။ ဒါကြောင့်လည်း ကိုရွှေဂျစ်ပွေးရယ်လို့ နာမည်ကြီးတာကိုး”

“လာပင့်မနေနဲ့. . ပေါ့ပေါ့လေး”

“လွှက်ရည်သောက်ချင်ရင် မှာ”

“ဒဂယ်”

“တကယ်ပေါ့. . စာမူခထုတ်လာတာ”

“ဟုတ်လား. . ဟော့. . ဝမ်းတီးရှယ်”

သူများတိုက်မည်ဆို၍ ရှယ်မှာလိုက်သည်။ ဒါပုံမှန်ဆောင်ရွက်နေကျ။ ဂျစ်ပွေးကထပ်မေးသည်။

“မုန့်ရောစားဦးမလား. . မှာ”

“စားမှာပေါ့. . သဘောကောင်းလှချည်လား”

“ကောင်းဆို စာမူခထုတ်လာတာကိုး။ စာမူခထဲကကျွေးတာပဲ. . စားသာစား”

“စားမှာ. . စားပစ်လိုက်ဦးမှာ. . စာမူခဆိုတာ ရေးဖော်ရေးဖက်တွေကို ကျွေးကောင်းတဲ့အရာပဲ”

“ဟုတ်ပ. . ဟုတ်ပ. . ကိုယ်လည်း အသုတ်တစ်ပွဲလောက်စားလိုက်ဦးမှ. . ”

“စား. . စား. . စာမူခရလို့ကျွေးရတာပဲ၊ စားရောပဲ”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ထူးခြားစွာမုန့်လည်းစား လွှာက်ရည်တစ်ခွက်စီ လည်းသောက်နေကြသဖြင့် စားပွဲထိုးလေးများ မျက်မှောင်ကုပ်နေကြသည်။

ဂျစ်ပွေးက တစ်ထောင်တန်သုံးရွက်ထုတ်ကာ ငွေရှင်းသည်။ တစ်ထောင့်လေးရာကျသဖြင့် တစ်ထောင့်ခြောက်ရာပိုသည်။

ပိုငွေအား မြင့်မြတ်လက်ထဲ လှမ်းပေးလိုက်၏။

"ရော့ စာမူပိုတဲ့ငွေ"

"ဟာ. . နေပါစေ. . အားနာစရာ"

"ဘာမှ အားမနာနဲ့. . အဲ့ဒါ ခင်ဗျားစာမူခပဲ. . ရောင်ပြန် တထုတ်လာတာ။ ရော့စာအုပ်. ."

"ဟင်. . ဘယ်လို. ."

မြင့်မြတ် နင်သလိုကြီးဖြစ်သွားသည်။ ရောင်ပြန်မဂ္ဂဇင်း မာတိကာကို လှန်ကြည့်ပြီး သူ့စာမူပါနေတာမြင်တော့ ပိုနင်သွားသည်။

"ရက်စက်လှချည်လား ဂျစ်ပွေးရာ"

"ဘာပြောတယ်. . စာမူခဆိုတာ ရေးဖော်ရေးဖက်တွေကို ကျွေးကောင်းတယ်ဆို"

"ပြောမိလို့လား"

"ရှူးချင်ယောင်မဆောင်နဲ့. ."

"ရှူးကိုရှူးချင်တာ။ တစ်ထိုင်ထဲ တစ်ထောင့်လေးရာပြောင် အောင်လုပ်ရလား"

"ကိုယ်စားတာ ကိုယ်သောက်တာပဲတွက်ကြည့်ဦး"

"ဒါကတော့. . ကိုယ့်ဟာမှန်းသိ ဒီလိုကြီးစားပါ့မလား. . ဟင့်"

"ငိုမနေနဲ့. . တစ်ရာတန်လေးပေးဦး. . ကွမ်းဝယ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှော့. . ရှော့. . ငိုချင်ပါတယ်ဆို မျက်ရည်ကျအောင် ထပ်လုပ်ပြန်ပြီ"

မြင့်မြတ်က တစ်ရာတန်ကိုပေးရင်း ကျန်ငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။

ဂျစ်ပွေးကတော့ အေးဆေး။

ကွမ်းထဝယ်ပြီး ကွမ်းယာကိုဝါးနေသည်။ ကွမ်းဝါးရင်း 'နတ်သမီးစီးတဲ့ဖိနပ်' ဇာတ်ကို စဖို့စဉ်းစားနေ၏။

လောလောဆယ်. . စာနှင့်ကဗျာကို မေ့သွားထံပို့ရဦးမည်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ‹၁၁›

မေသူတစ်ယောက် စာကိုဖတ်ပြီး ငိုင်နေသည်။ မေသူ့ဘေး မှာတော့ သူ့အစ်မ ကြည်ဖြူရှိသည်။

သူတို့ညီအစ်မနှစ်ယောက်က အသက်ချင်းမကွာလှ။ မေသူက နှစ်ဆယ့်ငါး၊ ကြည်ဖြူက နှစ်ဆယ့်ရှစ်. . ။

နှစ်ယောက်လုံးလှသည်။ ညိုချောလေးများဖြစ်သည်။

နှစ်ယောက်လုံး စာဖတ်ဝါသနာပါသည်။ မေသူကပိုသည်။

မေသူပိုတာက စာရေးခြင်းပါ။ စာပေရေးခြင်းမဟုတ်။ ဖတ်သောစာအုပ်ရေးသူ စာရေးဆရာများထံ မိတ်ဆက်စာရေးခြင်း ဝေဖန်စာရေးခြင်း၌ ဝါသနာထုံခြင်းဖြစ်သည်။

ယခုလည်း. .

ကနဦးအစက ရေးထားသည့်အတိုင်း ကိုရွှေဂျစ်ပွေးထံ မိတ်ဆက်စာ၊ ဝေဖန်စာတွေရေးရာမှ. .



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဆရာတွေ ဘာတွေဖြစ်ကုန်သည်။

အမှန်ဝန်ခံရလျှင်တော့ ထိုစာများကို မေသူရင်ဘတ်ကြီးနှင့် မရေးခဲ့ပါ။ လက်ချည်းသက်သက်ရေးခဲ့၏။

သည်ရှိရေးရတာကို မေသူပျော်သည်။ ပြန်စာများဖတ်ရတာကို သဘောကျသည်။

ယခုကိုရွှေချစ်ပွေး နောက်ဆုံးပို့လိုက်သည့်ကဗျာနှင့်စာတသူမ၏ရင်ကို ဆွဲလှုပ်လိုက်သလိုပင်။

"ဆရာကိုကိုက ကျွန်မကို နတ်သမီးလေးတဲ့လား"

"ရွှေရောင်ဒေါက်မြင့်ဖိနပ်လေး ပို့လိုက်မယ်တဲ့လား"

"ဖိနပ်လေးကို ဘယ်လိုမေးရမှာလဲဟင်"

မေသူတစ်ယောက်ထဲ ပြောနေခြင်းပါ။

"မေသူ . . အိပ်တော့လေ . . ညနက်လှပြီ"

အစ်မကြည်ဖြူက လှမ်းသတိပေးသည်။ သူတို့ညီအစ်မတတစ်ခန်းထဲမှ ကုတင်တစ်လုံးစီဖြင့်အိပ်ကြသည်။

ကြည်ဖြူက မေသူကိုချစ်သည်။ မေသူက ဆိုးချင်သည်။ နွဲ့ချင်သည်။

သူတို့မိဘများကလည်း သမီးနှစ်ယောက်တည်းမို့ အလိုလိုက်ထားကြသည်။

ကြည်ဖြူက ကျောင်းပြီးသော်လည်း မေသူကကျောင်းမပြီးခဲ့ပါ။ ကျန်းမာရေးကြောင့် ကျောင်းဆက်မတက်နိုင်ခဲ့။

ကြည်ဖြူက ဘွဲ့ရပြီးသော်လည်း အလုပ်မဝင်သေး။ မိဘ၏အရောင်းအဝယ်လုပ်ငန်းကို ကူညီပေးနေသည်။

အလုပ်အားလျှင် ညီမနှစ်ယောက် ဝတ္ထုတစ်ယောက် တစ်အုပ်ဖတ်ကြ၏။ လက်ကမချတမ်းဖတ်ကြသည်။

ဘယ်စာရေးဆရာကောင်းသည်။ တော်သည်ဟုဝေဖန်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လိပ်စာရှာ၍ စာပင်ရေးကြသည်။

မေသူက စာပို့ဖတ်သလို ဝေဖန်စာအကြံပေးစာတွေပို့ရေးသည်။

ဒါကြောင့်လည်း ကိုရွှေဂျစ်ပွေးနှင့် ဆုံဖြစ်ကြခြင်းပါ။ မေသူက စာရေးတုန်းကတော့ ဂျစ်ပွေးဆိုသည့်နာမည်ကြီးကို နောက်ချင်လို့ပါ။

အစကရိုးရိုး နောက်တော့တစ်မျိုးတိုးလို့ ဆရာကိုကို. . ကိုကိုဆရာတွေဖြစ်ကုန်၏။ လုံချည်တွေဘာတွေပို့ကုန်၏။

ကဲကြတာ. . ကဲကြတာ။

ကဲ. . ရွှေလျှောက်ဘာဖြစ်ကြဦးမည်နည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ‹၁၂›

ဂျစ်ပွေးတစ်ယောက် 'အာကာလွင်'မှာထိုင်နေသည်။ အာကာလွင်ဆိုတာ ရန်ကုန် ၃၂-လမ်း(အထက်)က လ္ဘက်ရည်ဆိုင်ပါ။

ဂျစ်ပွေးတို့ စာရေးဆရာများ၊ ထုတ်ဝေသူများ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများ၊ စာအုပ်ဆိုင်ရှင်များလာလာထိုင်ကြသည့်ဆိုင်ပါ။

ဆိုင်က ဖုန်းလည်းရှိ၊ စားဖွယ်လည်းစုံ၊ ရေနွေးကြမ်းလည်း လိုသလောက်ရတော့ စာရေးဆရာတွေသဘောကျသည်။ ကိုရွှေမြင့်မြတ်ဆိုင်တစ်နေကုန်ထိုင်၍ ရေနွေးချည်း ဆယ်လုံးခန့်ထိုင်သောက်သည်။

ယနေ့တော့ ထူးထူးခြားခြား မြင့်မြတ်မရောက်သေး။ ဂျစ်ပွေးသာ စောစောရောက်နေခြင်းပင်။

စောဆို မနက်ဆယ့်တစ်နာရီခွဲပဲရှိသေး၏။ လူတိုတာတာ မွန်းလွဲပိုင်းမှလေ။



www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ် ငါ့ကိုထမင်းကြော်တစ်ပွဲလုပ်ကွာ"

ဂျစ်ပွေးက ထမင်းကြော်တစ်ပွဲမှာလိုက်သည်။ ထမင်းကြော်ဆို၍ အထင်မကြီးနှင့် အာကာလွင်က ထမင်းကြော် (ကြက်/ဝက်) တစ်ပွဲမှ ငါးရာကျပ်၊ ဆီချက်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်ဆိုလည်း ငါးရာကျပ်မျှသာ။ စာရေးဆရာများအတွက် စားပျော်သည်။

ဘယ်စာရေးဆရာမဆို စားရလျှင်ပျော်သည်ပဲလေ။ မစားရလျှင် ပေါ့။

ဈေးနှုန်းချိုသဖြင့် အထင်မသေးနှင့်။ စားပျော်သည်။ ပွဲလတ်ဖြစ်ပြီး ကောင်းသဖြင့် စားရသူပျော်သည်။ (ကြော်ငြာမဟုတ်ပါ၊ ကြော်ငြာခလည်းမရပါ။ ဒီစာစတ်ပြီး နောက်ပိုင်းမှာ ကွန်နိုဝ်အား အခမဲ့ပြုစုလျှင်တော့ တစ်မျိုးပေါ့။ စားရလျှင်တော့ ပျော်ဦးမှာ စာရေးသူ)

စားချင်စဖွယ်၊ စားရလျှင်ပျော်သော ထမင်းကြော်ပူပူလေးတာ ဂျစ်ပွေးရှေ့ရောက်လာသည်။ ဂျစ်ပွေးက ထမင်းကြော်ကို မစားသေးဘဲ တီးတိုးရေရွတ်သည်။

"မေသူရယ်. . ထမင်းကြော်လေး အငွေ့တထောင်းထောင်းနဲ့ စားရရင် ပျော်စရာပါဟာ. . ဒါပေမဲ့ ငါတစ်ယောက်တည်း မစားရက်ပါဘူး. . မေသူနဲ့ အတူတူပဲစားချင်တယ်"ဟု ရေရွတ်ရင်း တိုးတိုးလေးခေါ်သည်။

"မေသူ. ."

"ဗျာ. ."

"မင်းဘယ်သူခေါ်လို့လဲ. ."

"ဆရာခေါ်လိုက်လားလို့"

စားပွဲထိုးလေးက စပ်ဖြဲဖြဲပြောသည်။ ဂျစ်ပွေးက မျက်စောင်းခဲကာ မောင်းထုတ်လိုက်၏။

"သွား. . မင်းကွာ. . အာရုံနှောက်တယ်. . ဒီမှာ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းရှေးဖို့တွေးနေတာ”

“ဟုတ်ဆရာ. . ဟုတ်”

ချာတိတ် ဝေးဝေးပြေးမှ ဂျစ်ပွေးက သူ့ရောဂါကိုဆက်ဖြစ်သည်။

“မေသူ. . တို့နှစ်ယောက် အတူတူစားကြမယ်နော်”

“ကိုယ်တစ်ဇွန်းစားပြီးရင် မေသူ့ကို တစ်ဇွန်းခွံ့ပေးမယ်နော်”

ပြောရင်းဆိုရင်း ထမင်းကြော်တစ်ဇွန်းခပ်၍ ပါးစပ်ထဲထည့်လိုက်၏။

“အား. . ပူသဟ”

ဂျစ်ပွေးတစ်ယောက် မူပူလောင်လောင်ကြီးကို ကြိတ်မှိတ်ဝါးမြိုနေရရှာ၏။ ပြီးတော့. .

“မေသူတစ်ဇွန်း. . ပူတယ် မှုတ်ပေးမယ်”

ဟုဆိုကာ တစ်ဇွန်းခပ်၍ မှုတ်ပေးနေ၏။

“မေသူ့အတွက် ဆရာကိုကို မှုတ်ပေးနေတာလေ”

ဟုလည်း ရင်ထဲမှာပြောနေသေး၏။

“ရပြီမေသူ. . ဟ. . ဟ. . ပါးစပ်”

မေသူ ဟဟဆိုပြီး သူ့ပါးစပ်ကြီးကိုဖြဲထား၏။ ထမင်းကြော်ဇွန်းက ပါးစပ်ရှေ့မှာရပ်တံ့နေ၏။

ပါးစပ်ကြီးဖြဲပေးထားပြီး ထမင်းကြော်ဇွန်းကို ကိုင်ထားသူအား မြင်ကြည့်လိုက်စမ်းပါ။

ဘယ်လိုမှ ကြည့်ပျော်ရှုပျော်မရှိ။ ပေါသည်ဟုလည်း မပြောရက်။ ကြောင်ရုံသက်သက်အဆင့်လောက်ပဲ ရှိသေးသကိုး။

“ဟ. . ဂျစ်ပွေးဘာဖြစ်နေတာလဲ”

ရုတ်တရက် ရောက်လာပြီး မေးလိုက်သူကား သူ့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်သွေးချို။

"ဟာ. . ဟာ. . မေသူ စားလိုက်တော့"

ဟုဆိုကာ ဂျစ်ပွေးက ထမင်းကြော်ဖွန်းကိုပါးစပ်ထဲထိုးထည့်လိုက်၏။ ပြီး. . ပါးလုတ်ပလောင်းသံဖြင့် ဖြေသည်။

"ထမင်းကြော် စားနေတာပါဆရာ"

"မြင်သားပဲ စားပုံက ထူးသလားလို့"

ဆရာမောင်သွေးချိုက ဝင်ထိုင်ရင်း ပြော၏။ ဆရာမောင်သွေးချိုနှင့်အတူ ဦးဇင်းတစ်ပါးပါလာလေရာ မောင်သွေးချိုက ခုံချပေးပြီးပြောသည်။

"ဆရာတော် ဒီမှာထိုင်ပါ။ ဆွမ်းချိန်နီးပြီမို့ ဆွမ်းကပ်ပါရစေ"

"ရပါတယ်. . ဒကာကြီးအဆင်ပြေသလိုလုပ်ပါ"

ဆရာတော်က အေးဆေးတည်ငြိမ်စွာ မိန့်သည်။ မောင်သွေးချိုက. .

"ဒါ စာရေးဆရာကိုရွှေဂျစ်ပွေးပါ"

"သိတယ်လေ. . ဒကာအိမ်မှာ ဆွမ်းကပ်တုန်းကတောင်ဆုံဖူးသေးတာပဲ"

"အော်. . ဟုတ်သားပဲဘုရား။ အဲ့ဒီတုန်းက တပည့်တော်က သူလုံးချင်းဝတ္ထုတွေကို စင်တင်ထုတ်ဝေပေးနေတာလေ"

"အခုရော. . ဒကာကြီးမဟုတ်တော့ဘူးလား"

"သူ တခြားသူနဲ့ထုတ်နေတယ်ဘုရား။ တပည့်တော်ကလည်း ကျန်းမာရေးကြောင့် သိပ်မလုပ်နိုင်တော့တာလည်း ပါတာပေါ့"

ဆရာမောင်သွေးချိုက အဆင်ပြေအောင်ပြောလိုက်၏။ ပြီး. . ဆရာတော်အား ဆွမ်းကပ်နိုင်ရန် ထမင်းကြော်မှာ၊ အအေး



www.burmeseclassic.com

www.burmeseclassic.com



မှာ၏။ သူကတော့ ကော်ဖီပဲသောက်၏။

ထိုဆရာတော်မှာ ဆရာမောင်သွေးချိုနှင့်ဆရာရင်း ဒကာရင်းများဖြစ်ကြ၏။

ရောဝတီတိုင်း အိမ်မဲမြို့နယ် ဖိုးအောင်နီကျေးရွာ အောင် ဇေယျာဗောဓိကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥတ္တမဖြစ် ၏။

ရန်ကုန်သို့ မကြာမကြာကြွလာလေ့ရှိသည်။ ကြွရောက် တိုင်း မောင်သွေးချိုထံဝင်သည်။ မောင်သွေးချိုကလည်း ဆရာတော့် ကျောင်းမှာ မကြာမကြာဝတ္ထုများသွားရေးလေ့ရှိ၏။

ဆရာတော့်ကျောင်းသည် ချောင်းဆုံချောင်းဝချောင်းနဖူး မှာ ဘုရားစေတီသိမ်ဇရပ်များဖြင့် ဝေစည်လျှက်ရှိသည်။ အေးချမ်း ၍ စာရေးဖို့အလွန်ကောင်းသည်။

ဆရာတော်ကိုယ်၌ကလည်း စာပေဝါသနာပါသည်။ အောင်မြင့်သူ (ပုဂံ) ကလောင်အမည်ဖြင့် ကဗျာတွေဘာတွေ ရေး ခဲ့ဖူးသည်။ ယခုလည်း ဆရာတော်ကိုယ်တိုင်ရေးသည့် ဗုဒ္ဓဘာသာ သိမှတ်ရေးစာအုပ်အား ထုတ်ဝေရန် ကြွရောက်လာခြင်းဖြစ်သည်။

ဂျစ်ပွေးတို့ ကံဇာတာစမ်းထပြီဟုဆိုရမည်လားမသိ။

စာပေဝါသနာပါသော ဆရာတော်က ဂျစ်ပွေးကို စာရေး လိုလျှင် သူ့ကျောင်းသို့လာရောက်ရေးသားနိုင်၊ စားရေးနေရေး ပူစရာ မလိုကြောင်းပြောသည်။

ရေငတ်သူ ရေကန်ထဲကျလေပြီ။ ဆရာတော်ဖိတ်ကြား၍ မှမဆုံးသေး ဂျစ်ပွေးက

"တကယ်လားဆရာတော်ဘုရား. . အခု တပည့်တော် ဝတ္ထုတစ်အုပ်ရေးဖို့ စဉ်းစားနေတာ ဆရာတော့်ကျောင်းလာရေးလို့ ဖြစ်မလားဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်ရမှာလဲ. . ဘုန်းကြီးက စာပေကိုမြတ်နိုးသလို စာရေးဆရာတွေကိုလည်း လေးစားတယ်။ အလေးထားတယ်။ လာသာလာခဲ့စမ်းပါ။

"လာမှာပါဘုရား. . လာမှာပါ. . ဘယ်လိုလာခဲ့ရမယ်ဆိုတာလေးပဲ လမ်းညွှန်ပါဘုရား"

"လာမယ်ဆို ဘုန်းကြီးဆီ ဖုန်းကြိုဆက်လိုက်ပေါ့. . ဒါ ဘုန်းကြီးရဲ့လိပ်စာ ဖုန်းနံပါတ်လည်းပါတယ်"

ဂျစ်ပွေးက လိပ်စာကပ်လေးကိုကြည့်ကာ ပီတိတွေဝေနေတော့၏။

ဆရာမောင်သွေးချိုကတော့ ဘာမှဝင်မပြောဘဲ ကော်ဖီကိုသာ ငုံ့သောက်နေ၏။ ဂျစ်ပွေးနှင့်ပတ်သက်၍ သူ့မှာပြောစရာစကားလည်းမရှိပြီ။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ သားသမီးတာသားသမီး၊ တပည့်ဟာတပည့်ပဲမဟုတ်လား။

အားလုံးစားသောက်ပြီးတော့ ဆရာမောင်သွေးချိုကပဲ ထိုင်ခိုင်းကိုရှင်းသွားသည်။ ဒါကတော့ ထုံးစံလေ။ ဂျစ်ပွေးတို့ကတော့ ဆရာသမားတွေနှင့်တွေ့လျှင် စားရသောက်ရပြီဆိုတာသိပြီးသား။

ဆရာမောင်သွေးချိုကလည်း မခေပါ။ ဧည့်ဆရာတော်ကို ဆွမ်းကပ်ဖို့ရာ ဆိုင်ကြီးများဝင်မနေတော့ပဲ စာရေးဆရာများနှင့် ဆုံပေးချင်သလိုလိုနှင့် ဈေးသက်သာရာဆိုင်ဝင်လိုက်ခြင်းပင်။

မှတ်ကရော. .။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

"ဟ. . ဆရာဂျစ်ပွေး. . ဘာတွေငေးနေ တွေးနေတာလဲ"

စောစောစီးစီး လေအန်ကုန်းမှာ တစ်ဦးတည်းထိုင်နေသည့် ဂျစ်ပွေးအား မြင့်မြတ်ကမေးလိုက်ခြင်းပင်။

"ဆရာမြင့်မြတ်ရယ်. . စာရေးဆရာတွေ ငေးမှုတွေးမှုတော့ စာရေးဖို့ပဲပေါ့ဗျာ. . ထူးဆန်းတာမှတ်လို့. . "

"ဟင်း. . ဟင်း. . မသိတဲ့သူ သွားပြော. . ယုံမှာ. . အတွင်းသိအစင်းသိတွေကို လာမဖေါ်နဲ့. . ခင်ဗျား မေသူ့အကြောင်း တွေးနေတာမဟုတ်လား"

"ဟုတ်တယ်လေ. . မေသူ့အကြောင်းတွေးတာဟာ ဇာတ်လမ်းပဲလေ။ အခုရေးမဲ့ဇာတ်လမ်းဟာလည်း မေသူ့အကြောင်း ပဲလေ"

"ဒါကြောင့်. . ကျုပ်အစ်ကိုကပြောတာ စာရေးဆရာတွေ ရူးသွပ်ပြီဆို ဘယ်သူမှမမီတော့ဘူးတဲ့။ ဇာတ်လမ်းရှာတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကြီးထဲထည့် . . ခံစား . . တွေးရေး . . ငေး . . လောကကြီးကျ မေ့နေသလိုပဲတဲ့”

“အေးလေ . . အဲ့ဒါဘာဖြစ်လဲ၊ ဒါ စာရေးဆရာရဲ့အလုပ်ပဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြတာပဲ . . ကဲ . . စကားများနဲ့ လ္ဘက်ရည်သောက်မှာလား”

“သောက်မှာ”

“ဟေ့ . . ချာတိတ် လက်ဘက်ရည်တစ်ခရားလုပ်”

ဂျစ်ပွေးက လက်ဖက်ရည်တစ်ခရားမှာ၍ မအံ့သြကြနှင့်။

သည်ကိစ္စကမ္ဘာနှင့်အဝှမ်း သည်နေရာပဲရှိသည်။ လက်ဘက်ရည်ကို ရေနွေးကြမ်းခရားနှင့်ထည့်ပေးခြင်းပါ။ တစ်ခရားလုံး အပြည့်မဟုတ် ဆိုင်သောက်သုံးခွက်စာမျှဖြစ်သည်။

ဒါကို ရေနွေးထပ်ရော၊ အကြမ်းပန်းကန်လုံးဖြင့် မျှသောက်ကြလျှင် စာရေးဆရာခြောက်ယောက်မှ ရှစ်ယောက်ထိသောက်လို့ရသည်။

ထိုစနစ်အား တည်ထွင်ခဲ့သူမှာ ဆရာမောင်သွေးချိုဖြစ်သည်။

ဆရာမောင်သွေးချိုက လေအန်ကုန်းမှာ လက်ဖက်ရည်ထိုင်သောက်လျှင် စာရေးဆရာတစ်ဦး ရောက်လာတိုင်း တစ်ခွက်စီမှာတိုက်လေ့ရှိသည်။

ထိုစဉ်က (လွန်ခဲ့သည့်ငါးနှစ်ခန့်) လက်ဖက်ရည်တစ်ခွက် နှစ်ရာကျပ်။ မောင်သွေးချိုတစ်ခွက် နောက်ရောက်စာရေးဆရာတစ်ဦးတစ်ခွက်စီမှာမှာတိုက်နေရတော့ မောင်သွေးချိုမသက်သာ။

ဆီးချိုတက်ချင်သလိုလို သွေးတိုးချင်သလိုလိုဖြစ်လာသည်။

ဒါနဲ့ အကြံထုတ်သည်။ သူ့အကြံကိုအကောင်ထည်ဖော်ဖို့ ဇင်မင်းမောင်လက်ဖက်ရည်ပိုင်ရှင် အန်ကယ်ကြီးနှင့်တိုင်ပင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပါ၏။ လက်ဖက်ရည်သုံးခွက်စာမျှကို ခရားနှင့်ထည့်ပေးပြီး ငွေငါးရာကျပ်သာယူ၏။ (ယခုခြောက်ရာကျပ်)

နောက်. . မောင်သွေးချိုက အဖျော်ဆရာကိုလေပြေထိုးထားသည်။

"အဖျော်ဆရာရေ. . စာရေးဆရာတွေအတွက် လက်ဖက်ရည်ခရားကို ချိုကျလေးလုပ်ပေးနော်. . ဒါမှ ရေနွေးများများရောလို့ရမှာ"

အဖျော်ဆရာကလည်း စာရေးဆရာတွေကိုမြင်နေတွေ့နေသိနေတော့ သနားသည်။ တကယ်ပင် ဂရုစိုက်၍လုပ်ပေးသည်။

ရောပေတော့ရေနွေး။ ပြီးလျှင် အကြွမ်းပန်းကန်လုံးလေးများဖြင့် ထည့်ပေးရာ ခြောက်ယောက်မျှသောက်ရ၏။

ထိုစနစ်က တာသွားသည်။ တစ်ဦးတည်းလီး ဒကာခံစရာမလိုတော့။ စာမူထုတ်လာသည့် စာရေးဆရာ၊ သို့မဟုတ် ထုတ်ဝေသူတစ်ဦးဦးရောက်လာကလည်း အိုးနှင့်မှာတိုက်လိုက်ရုံပင်။ အပန်းမကြီးတော့။

ယခုလည်း ဂျစ်ပွေးက လက်ဖက်ရည်ကို ခရားနှင့်မှာလိုက်ခြင်းမှာ ထုံးစံဖြစ်သည်။ သူတို့နှစ်ယောက်အကြွမ်းပန်းကန်လုံးနှင့်တစ်လုံးစီသောက်ပြီးပါက နောက်စာရေးဆရာ ငါးယောက်မျှသောက်နိုင်သေးသည်။

ရေနွေးရောသည့်ကိစ္စက လေအန်ကုန်းရှိ စာရေးဆရာအားလုံးနီးနီး လက်မှန်းမှန်းနေကြလေပြီ။

စာရေးဆရာတွေဆိုတာကလည်း လူတစ်မျိုး။ လက်ဖက်ရည်သောက်ရလျှင်ပြီးပြီ။ နည်းတာများတာမလို။ လက်ဖက်ရည်သောက်၊ လေအန်ကြ။ ဟုတ်လို့၊ လက်ဖက်ရည်မသောက်ရလျှင်မနေနိုင်ကြ။ လေအန်ကုန်းက လက်ဖက်ရည်ခရားစနစ်အား ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဝရင်းနစ်စာအုပ်ထဲမှာပင် ထည့်သွင်းသင့်လှ၏။

သိပ်မကြာ . .

နောက်ထပ်စာရေးဆရာများ အလျှိုလျှိုရောက်လာရာ မှာထားသောလက်ဖက်ရည်ခရားကုန်တော့၏။

ကိစ္စမရှိ၊ နောက်ရောက်သည့်စာရေးဆရာများကို နောက်ရောက်သည့်စာရေးဆရာတစ်ဦးဦးက မှာတိုက်လိမ့်မည်။ ဒကာမပေါ်ဝဲ ငတ်မည့်နေ့ရယ်ဟုတော့ သိပ်မရှိ။

တစ်နေ့တစ်နေ့ စာရေးဆရာဆယ်ဦး ဆယ်ငါးဦးမျှ လာထိုင်ရာ သုံးခရားလောက်ဆိုအိုကေသည်။

အင်္ဂါနေ့နှင့် သောကြာနေ့မှာ လူများအလိုဒကာလည်း ပေါပါသည်။ ကြားရက်မှာသာ ဒကာရှားခြင်းပင်။

*(မှတ်ချက်။ အနယ်နယ်အရပ်ရပ်မှ စာရှုသူများအနေဖြင့် စာရေးဆရာများတို့ လက်ဖက်ရည်ဒါနပြုလိုပါက သို့ ဆိုင်တာဝန်ခံ၊ ဇင်မင်းမောင်လက်ဖက်ရည်ဆိုင် တုန်သည်လမ်း၊ စာပေဗိမာန်အနီး၊ ရန်ကုန်မြို့ဟုလိပ်မူ၍ တစ်ကရား ၆၀ဝိ/-ကျပ်နှုန်းဖြင့် ငွေပို့လှူဒါန်းနိုင်ကြပါသည်။ အလှူရှင်များအတွက် လက်ဖက်ရည်ကောင်းစွာ သောက်သုံးရပါကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုလွှာကို စာရေးဆရာများလက်မှတ်ရေးထိုး ပြန်ပို့ပေးမည်ဖြစ်ပါ၍ အမည် နေရပ်လိပ်စာကို တိကျစွာဖော်ပြပေးကြပါရန်။ စာရေးသူ)*

ထို့နေ့မှာ အင်္ဂါနေ့ဖြစ်သောကြောင့် စာရေးဆရာအတော်များများလာသည်။ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းပင်လာသေး၏။ ပင်တိုင်ကတော့ နန္ဒာမိုးကြယ်၊ သုတေသီဆရာငြိမ်း၊ ကိုရွှေတောသား၊ အံပွါး(စလေ)၊ စိုးဝေ၊ ကိုမောင်သန်းဝင်း၊ မောင်သွေးရင့်၊ မောင်ညဏ်ကျယ်၊ သန်လျင်မောင်မောင်ဦး၊ မြမြလှိုင်၊ မြတ်နိုးရှင်း၊ မြမဥ္စူ၊ ရွှေကူမေနှင်း၊ ကိုရွှေအောင်သင်း၊ မောင်မြင့်မား(ဘိုကလေး)၊ နွယ်ဇင်ဦး(မြန်မာ)၊ မနွယ်(ကလော)၊ ဆရာမောင်



www.burmeseclassic.com

www.burmeseclassic.com



သာယာ၊ ကျော်ကျော်ဦး (လယ်ဝေး)၊ ဆရာမဟာန်သီဇင်၊ ဇလွန်ကျော်ဦး၊ မနုထံထိုက်ဖော်၊ မြင့်မြတ်ဖြူစင်၊ မောင်မိုးအောင် စသည် စသည်ဖြင့် စာရေးဆရာအတော်များများ လာကြသည်။ ထုတ်ဝေသူများ၊ ဒါရိုက်တာများပင်လာကြသေး၏။ သီလဝဦးကျော်သန်းဆို အမြဲလာ၍ လက်ဖက်ရည်တိုက်သည်။ သီလစဘာသာရေးမဂ္ဂဇင်း လက်ဆောင်ပေးသည်။

စာရေးဆရာများ လေးဝိုင်းခန့်ထိုင်နေကြပြီး လူစုံကြပြီ။ ပုံမှန်အားဖြင့် မနက်ပိုင်း ၁၁နာရီမှ နေ့ ၁နာရီထိထိုင်ကြ၏။ နေ့ တစ်နာရီကျော်လျှင် ကိုယ်သွားလိုရာသွားကြပြီ။

ချစ်ပွေးလည်း သူ့အတွေးနှင့်သူရှိနေ၏။ မြင့်မြတ်က တီးတိုး မေးသည်။

"ဆရာ. . ခရီးထွက်စာရေးမလို့ဆို"

"ဟုတ်တယ်လေ. . ဘယ်သူပြောလဲ"

"ဒီလိုပဲကြားတာပေါ့။ ဘယ်ကိုထွက်မှာလဲ"

"ဧရာဝတီတိုင်း ဝါးခယ်မနဲ့နီးတဲ့ ဖိုးအောင်နီရွာ"

"ဝါးခယ်မကသွားရမှာလား"

"မှတ်ဘူး. . ကျွန်းကုန်းကသွားရမှာ။ ကျွန်းကုန်းကို ကားစီးသွား၊ ဟိုရောက်ရင် မော်တော်လာကြိုလိမ့်မယ်"

"အမယ် မြင့်လှချည်လား"

"မြင့်မြင့်ပဲ. . ရေးမဲ့ဝတ္ထုကို နတ်သမီးစီးတဲ့ဖိနပ်တဲ့"

"ဘာဆိုင်လို့လဲ၊ ဘယ်ကမော်တော်ကလာကြိုမှာလဲ"

"ဘိုးအောင်နီရွာကဆရာတော်ကိုယ်တိုင်လာကြိုမှာ၊ ကျောင်းမှာမော်တော်ရှိတယ်"

"ရန်ကုန်ကကျောင်းတွေ ကားရှိသလိုပေါ့"

"ဒါပေါ့. . ဧရာဝတီတိုင်းကျတော့ မြစ်ချောင်းတွေများတော့



www.burmeseclassic.com

www.burmeseclassic.com



လှေတို့၊ ပွဲတောင်တို့ မော်တော်တွေပဲသုံးရတာ"

"တယ်ဟုတ်ပါလား . . လိုက်ချင်လိုက်တာ"

"ဒီ . . အခေါက်မလိုက်နဲ့ဦး၊ ဆရာတော်နဲ့ရင်းနှီးတာမှုတ်သေးဘူး"

"ဘယ်လိုအဆက်သွယ်ရတာလဲ"

"ဆရာမောင်သွေးချိုရဲ့ ဆရာတော်လေ၊ ဆရာလည်း မကြာမကြာ စသွားရေးနေတဲ့နေရာပေါ့"

"နောက်တစ်ခေါက်ကျရင်တော့ လိုက်ဦးမှ"

မြင့်မြတ်က အားကျစွာပြောသည်။ သည်လိုစာရေးရမှာကို သူလည်းသဘောကျသည်။ ကျမှာပေါ့။ ဘုန်းကြီးကျောင်းမှာစာရေးရတာကောင်းသည်။

BURMESE CLASSIC

ဘာကောင်းသနည်းဟုမေးလိုက်ပါ။

ဟုတ်ကဲ့ . . စားလို့သောက်လို့ကောင်းပါသည်။ အိပ်လို့ ရေးလို့ကောင်းပါသည်။ ထမင်းဟင်းတွက် မပူရ။ နံနက်စာစားပြီး ညစာပါ ဖယ်ထားလိုက်ရုံပင်။ ဆွမ်းကွမ်းကလည်းပေါပါဘိ။

အဲ . . စာရေးဆရာဆိုတော့ တစ်နေ့လက်ဖက်ရည်၊ ကော်ဖီက သုံးလေးခွက်သောက်တတ်သည်။ ဒါကလည်း ကိစ္စမရှိ။ တီးမစ်၊ ကော်ဖီမစ်ထုပ်များဝယ်သွားရုံသာ။

သည်အတွက်လည်း ဂျစ်ပွေးစီစဉ်ပြီးပြီ။ ခရီးထွက်နိုင်ဖို့ အတွက် ထုတ်ဝေသူထံမှ စရံငွေသုံးသောင်းကြိုထုတ်ထားသည်။ ရေးလာပြီးစာမူအပ်မှ ကျန်ငွေခုနှစ်သောင်းထုတ်ရုံပင်။

ဂျစ်ပွေးတစ်ယောက် တတယ်ပင် ဖိုးအောင်နီကျေးရွာသို့ စသွားရေးဖို့ပြင်ဆင်နေပါပြီ။

ဂျစ်ပွေးလာမည်ဆိုလျှင်တော့ . . ။

❏ ❏ ❏



www.burmeseclassic.com

www.burmeseclassic.com

# ‹၁၄›

"မေသူ. . ညီမလေး. . စာရောက်နေတယ်"

"ဘယ်ကလဲ မမ"

"ထုံးစံအတိုင်း ဆရာဂျစ်ပွေးဆီကပေါ့"

ကြည်ဖြူက လက်ထဲမှစာကို မေသူ့ထံလှမ်းပေးလိုက်သည်။ မေသူက စာလှမ်းယူရင်း သက်ပြင်းချသည်။

"ဟင်း. . "

"သက်ပြင်းချမနေပါနဲ့ညီမရယ်. . ဘဝဆိုတာ မိမိကိုယ် တိုင်ရေးမရတဲ့ဇာတ်လမ်းပါ"

ကြည်ဖြူ့စကားကြောင့် မေသူမျက်လုံးများကျယ်သွားသလို ပင်။

ဘာတဲ့. . ။

"ဘဝဆိုတာ မိမိကိုယ်တိုင်ရေးမရတဲ့ဇာတ်လမ်းပေါ့ပါလား"

မေသူတွေးရင်း စာကိုမဖွင့်သေးဘဲ ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီ. . ကြည်ဖြူအား ထပ်မေးသည်။

"မမပြောတဲ့ဘဝဆိုတာ မိမိကိုယ်တိုင်ရေးမရတဲ့ဇာတ်လမ်းဆိုတာ မေသူသိသလိုလိုနဲ့ သိပ်မရှင်းဘူး. . ရှင်းပြပါဦးမမ"

"အော်. . ညီမလေးရယ်. . မမတို့ဗုဒ္ဓဘာသာမှာ ကံကံရဲ့အကျိုးဆိုတာရှိတယ်လေ. . ညီမလေးလည်း ကံကံရဲ့အကျိုးကိုလက်ခံတယ်မို့လား"

"သိပါတယ်. . လက်ခံပါတယ်မမ"

"လူရယ် နတ်ရယ်. . ဗြဟ္မာ အပါယ်ဘုံသားတွေရယ်လို့ဖြစ်လာတာလဲ ကံကံရဲ့အကျိုးကြောင့်ပဲလေ"

"ဟုတ်ကဲ့မမ. . မေသူသိပါတယ်"

"လူချင်းတူတာတောင် ကံချင်းမတူတော့ အမျိုးမျိုးကွဲပြားခြားနားကြရတာပဲမဟုတ်လား"

"ဟုတ်ပါ့မမ"

"လူချင်းတူစေမဲ့ မတူကွဲပြားပြီး တချို့က ချမ်းသာ၊ တချို့က ဆင်းရဲ ရုပ်လှသူလှ ရုပ်ဆိုးသူဆိုး၊ ကျန်းမာသူကျန်းမာ၊ ရောဂါထူသူထူကြရပုံဟာ အတိတ်ကံကြောင့်လို့ မြတ်စွာဘုရားဟောခဲ့တယ်လေ"

"အင်းနော်. . "

"အဲ့ဒီလိုပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြဆုံကြ၊ သံယောဇဉ်ဖြစ်ကြ၊ ကွဲကြ၊ လွဲကြ၊ ပေါင်းကြရတာတွေဟာလည်း အတိတ်ရေစက်များကံကြောင့်ပါပဲ"

"အင်း. . ဟုတ်ပါတယ် မမရယ်"

"ချစ်ပါလျှက် မပေါင်းရတာ၊ ပေါင်းဖက်ကြပြီး မချစ်ကြတာတွေဟာလည်း ကံကြောင့်ပဲညီမလေး"

"ညီမလေးနားလည်ပါပြီ မမရယ်. . တကယ်တော့ ဒီဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သက်ရောက်မှုတိုင်းဟာ အတိတ်ကံရဲ့ ချယ်လှယ်မှုကြောင့်ပဲ မဟုတ်လား”

“ဟုတ်တယ်ညီမလေး. . အကြောင်းကြောင့်ဖြစ်လာရတဲ့ အကျိုးတွေချည်းပါပဲ”

“ဒါပေမဲ့. . တချို့ပြောတော့ ကံဆိုတာအလုပ်တဲ့ လူမတန် ကံမချနဲ့တဲ့၊ အလုပ်ကောင်းရင် ကံကောင်းမယ်တဲ့လေ”

“သူတို့ပြောတာလည်း မမှားပါဘူး။ ကံဆိုတာအလုပ် ကြောင့်ဖြစ်တာ၊ မိမိပြုလုပ်တဲ့အကောင်းအဆိုး အကြောင်းအကျိုး တွေကြောင့် ကံတွေဖြစ်ရတာ”

“ပြောပါဦး မမ”

“ဒါပေမဲ့ အခုလုပ်တဲ့အလုပ်ကံက အခုချက်ချင်းမဖြစ်ဘူး။ နောင်ဘဝတွေမှာမှ အကျိုးသက်ရောက်မှာ။ ယခုဘဝတွေ့ကြုံနေ ရတဲ့ အကျိုးတွေဟာ ရှေးဘဝကပြုတဲ့ကံရဲ့အကျိုးတွေပဲ”

“လူမတန် ကံချဆိုတာက”

“ဒါက ကံကို မယုံတဲ့သူတွေကို ပြစ်တင်တဲ့စကားပါ။ တကယ်တော့ လူမတန်တာလည်းကံကြောင့်ပါဘဲ။ လူကုံတံဖြစ်တာ ချမ်းသာတာလည်းကံကြောင့်ပါပဲ”

“သိပြီးသားဆိုပေမဲ့ မမပြောမှာပဲရှင်းတော့တယ်. . ကဲ. . စာဖတ်ကြည့်လိုက်ဦးမယ်”

မေသူက ပြောရင်းစာကိုဖေါက်နေ၏။ ကြည်ဖြူကတော့ မေသူ့အပါးမှခွါသွားပြီ။

စာက ဆရာဂျစ်ပွေးလက်ရေးနှင့် ဆရာဂျစ်ပွေး၏စာပါပဲ။

မေသူရေ. .

ဆရာကိုကိုလေ. . နယ်ကိုစာရေးဖို့ထွက်သွားပြီ။ ဆရာရေးတာ နတ်သမီးလေးတဲ့ဖိုင် ဆိုတဲ့ဝတ္ထုလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ဒီစာမူရေးပြီးရင် စာမူခရငွေနဲ့ မေသူ့အတွက် ရွှေရောင် ဒေါက်မြင့်ဖိနပ်လေးဝယ်ပြီး အပြေးလာခဲ့မယ်။

မေသူ့ခြေဖဝါးနုနုလေးကိုင်ပြီး ကိုယ်တိုင်စီးပေးမယ်။

ဖိနပ်လေးစီးပေးပြီးရင် မေသူ ဖိနပ်လေးကို တိုးတိုးမေးကြည့်နော်။

ဘယ်လိုဖြေမယ်ဆိုတာ မေသူသိပြီးသားပါ။

အဲဒီနေ့မှာ မေသူကလည်း အဖြေပေးရမယ်နော်။

မျှော်လင့်ကြီးစွာဖြင့်
ကိုကိုချစ်

အရင်လို ပေါ့တော့တော့ရေးထားခြင်းမဟုတ်။ သည်တစ်ခါ စာလေးကတည်ငြိမ်နေသည်။

မေသူကလည်း ဒီတစ်ခါတော့ စာကိုသေချာဖတ်သည်။ လေးငါးခေါက်ဖတ်သည်။

"ဟင်. . ဟင့်. . "

ဟော. . ဟော. . မေသူငိုနေပြီ စာကိုဖတ်ရင်း မေသူငိုနေပါပြီ. . ။

"ဟင့်. . ဟင့်. . "

မျက်ရည် ပိုးပိုးပေါက်ပေါက်ကျအောင် မေသူငိုနေပါသည်။

ဘာကြောင့်ရယ်တော့ တိတိပပမသိရ။

ငိုနှင့်လေဦးမေသူရယ်. . ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# ‹၁၅›

စတိုးဆိုင်ထဲက ဝန်ထမ်းကောင်မလေးများ မျက်လုံးတွေဝိုင်းနေကြသည်။

ဆိုင်ထဲဝင်လာသူနှစ်ယောက်ကို ပြူးပြဲကြည့်နေကြ၏။ ဆိုင်ထဲဝင်လာသူများမှာ အခြားဟုတ်ရိုးလား။

ဂျစ်ပွေးနှင့်မြင့်မြတ်. . ။

သည်တစ်ခါတော့ နှစ်ယောက်လုံးက မြောက်ကြွမြောက်ကြွနှင့်။ အံမယ် ဂျစ်ပွေးလက်ထဲမှာလည်း သားရေပိုက်ဆံအိတ်နတ်ကို ကိုင်လို့။ ကောင်မလေးများကတော့ ထုံးစံအတိုင်း တီးတိုးစကားဆိုကြသည်။

"အဲ. . အဲ့ဒါ ဟိုတစ်ခါလာသွားတဲ့ ငပွေးနှစ်ယောက်မဟုတ်လား"

"ဟုတ်တယ်. . သိတယ်. . "

"အဲ့ဒါကြောင့် ကြည့်နေတာ၊ အလစ်မပေးကြနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. ."

ဘယ်သူတွေဘာပြောပြော ဂျစ်ပွေးတို့ကတော့ ဆိုင်ထဲဝင်လာကာ ဆိုင်ကိုပတ်ကြည့်နေ၏။

သူတို့နှစ်ဦးနောက်မှ ဝန်ထမ်းကောင်မလေးသုံးယောက်တလည်း တကောက်ကောက်. . ။

ကောင်တာမှလှမ်းကြည့်နေသည့်ကောင်မလေးကတော့ ဖျစ်ပွေးလက်ထဲမှ ပိုက်ဆံအိတ်ကို အထူးဆန်းသဖွယ်ကြည့်နေသည်။

ဂျစ်ပွေးတို့နှစ်ယောက် ရွှေရောင်ဒေါက်မြင့်ဖိနပ်ရှေ့မှ ရပ်လိုက်တော့ ဝန်ထမ်းကောင်မလေးများကလည်း တန်းစီရပ်လိုက်ကြသည်။

ကောင်တာက ကောင်မလေးက မျက်ရိပ်ပြတော့ တန်းစီရပ်နေသည့် ကောင်မလေးများက ဝိုင်းရံထားသလိုနေရာယူကြသည်။

ဒါကိုရိပ်မိသော ဂျစ်ပွေးက ခပ်ကျယ်ကျယ်ပြော၏။

"ဆရာကိုရွှေမြင့်မြတ်"

"ပြော ဆရာကိုရွှေဂျစ်ပွေး"

"ကျုပ်နောက်ရေးမဲ့ဝတ္ထုကဘာတဲ့လဲသိလား"

"သိတယ်"

"သိရင်ပြော"

"မချောင်းယောက် တို့နှစ်ယောက်"

"ဟုတ်ပါ့ဗျာ. . ဆရာတော်တယ်"

"ပြောကြတာပဲ"

သူတို့စကားကြောင့် ကောင်မလေးများ မဲ့ကြ၏။ အဲမှတော့ မပြော။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပွေးက ရွှေရောင်ဒေါက်မြင့်ဖိနပ်လေးကို ယူကြည့်ပြီး မေးလိုက်၏။

"ဒါဘယ်လောက်လဲ"

"နှစ်သောင်းသုံးထောင်"

"လျှော့ဦးမှာလား"

"တစ်ခါတည်းယူရင်လျှော့မယ်"

"ယူချင်တယ်. . တစ်ခါထဲကို ယူချင်တယ်။ တစ်ခါထဲကို ခေါ်သွားချင်တယ်. . ဒါပေမဲ့. ."

ဂျစ်တူးက မေးပွတ်စဉ်းစားနေ၏။ ပြီး သွက်လက်စွာပြော သည်။

"နှစ်ခါခွဲယူမယ်. . ဖြစ်မလား"

"ဖြစ်. . အဲ့. . မဖြစ်. ."

ကောင်မလေး ကြောင်အမ်းအမ်းဖြစ်နေတုန်း ဆိုင်ရှင်မမ ရောက်လာ၏။

"ဘာဖြစ်ချင်တာလဲ"

"ဖြစ်ချင်တာက ဒီလိုဗျာ. ."

ဂျစ်တူးက ခပ်တည်တည်ရှင်းပြ၏။

"ဒီဖိနပ်လေးကို ကျုပ်ကြိုက်တယ်။ ဒီဖိနပ်လေးက ရာဇဝင် နဲ့. ."

"ရှင်. . ဘာရာဇဝင်မှမရှိဘူး. . ဒီလိုပဲရောင်းဖို့တင်ထား တာ"

"မှတ်ဖူးလေ. . ဒီဖိနပ်လေးကို ကျုပ်ကစွဲလန်းနေတာဗျ"

"စွဲလန်းစရာရှားလို့"

"စွဲလန်းတယ်ဆိုတာ ဝတ္ထုရေးဖို့. . နတ်သမီးစီးတဲ့ဖိနပ် ဝတ္ထုမှာ ဒီဖိနပ်က အဓိကဇာတ်ဆောင်ပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"တာတွန့်တားလား"

"ကျွတ်. . ဒရမ်မာဇာတ်. . ဖတ်ပြီးကြွေသွားမဲ့ဇာတ်"

"အကြွေးတော့ မရောင်းနိုင်ပါဘူး"

"အကြွေးလည်း မဝယ်ပါဘူး. . ဈေးလည်းမဆစ်ဘူး"

"ဒါဆိုလည်း ဝါကင်ထုပ်လိုက်ရတော့မှာလား"

"တုတ်တယ်. . ထုပ်လိုက်. ."

"ဟဲ့. . မေသင်း. . ဘာကြည့်နေတာလဲ. . စိတ်မပြောင်းခင် ခပ်မြန်မြန် ပါကင်ထုတ်. . ဘောက်ချာဖွင့်. ."

မေသင်းဆိုသူလေးက ပါကင်ထုပ်ဖို့ပြင်တော့ ဂျစ်ပွေးက လှမ်းဟန့်သည်။

"ဟိုး. . စတော့. ."

"ဘယ်လိုဖြစ်ရပြန်တာလဲ"

"ကျုပ်နှစ်ဘက်လုံးမယူသွားဘူး တစ်ဘက်ပဲယူသွားမှာ"

"ခွဲမရောင်းဘူး"

"တစ်ရံလုံးဝယ်မှာပါ။ ဒါပေမဲ့ အခုတစ်ဘက်ပဲယူမယ်။ စရံတစ်ဝက်ပေးခဲ့မယ်. ."

"တစ်မျိုးဟဲ့. ."

"နှစ်ခွါခွဲဝယ်တော့ နှစ်မျိုးဖြစ်မယ်. . ရော့ တစ်သောင်း တစ်ထောင့်ငါးရာ တစ်ဘက်ပဲပေးလိုက်. ."

"ကျန်တဲ့ဖက်က. ."

"ကျန်တာက. . ကျုပ်စက်ဘီးပူမှာ စာသွားရေးပြီးပြန်လာတော့ယူမယ်"

"ဟင်. . အကြာကြီး. ."

"မကြာဘူး. . တစ်ပတ်ပဲ. . ရန်ကုန်နဲ့ စက်ဘီးပူဆိုတာ လေယာဉ်သုံးနာရီလောက်ပဲစီးရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးနာဝရှိသလောက် ခပ်တည်တည်ပြောချလိုက်၏။ ဆိုင်ရှင်လည်း ဇဝေဇဝါဖြစ်ကာ စဉ်းစားနေ၏။

"အင်း. . အရောင်းထိုင်းပစ္စည်း တစ်ဝက်ထွက်သွားလည်း အရင်းရနေပြီပဲ. . တစ်ဝက်လောက်ပြန်ဝယ်တော့လည်း အမြတ်ပေါ့. . ပေးလိုက်မှ"

ဟုတွေးရင်း မျက်နှာချိုသွေးကာ

"ရှင်သဘောပဲ. . ယူပါရှင်. . "

ဟုလေသံပြောင်း၍ ချိုသာစွာပြောတော့၏။ မချိုသာလို့ မဖြစ်။

လောလောဆယ် တစ်သောင်းကျော်ရနေပြီ။ လူကလည်း အူကြောင်ကြားပုံဆိုတော့ နောက်လာယူမှာသေချာလောက်သည်။

ဒီဖိနပ်ကို ဖိးဖြစ်နေပုံရသည်။ စက်ာပူမှာလည်း စာသွား ရေးဦးမှာဆိုတော့. .

ဆိုတော့လည်း. .

စျေးဦးစျေးဖျား. . ထူးထူးခြားခြားရောင်းလိုက်ရပေါ့. . ဖိနပ်တစ်ဘက်. . ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## < ၁၆ >

ဒဂုံရောအဝေးပြေးဂိတ်. .

သည်ဂိတ်က လှိုင်သာယာမှာရှိသည်။ ရန်ကုန်မှနေ၍ ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးသို့ ဤဂိတ်မှကားစီးသွားရသည်။

ပန်းတနော်၊ ညောင်တုန်း၊ မအူပင်၊ ဒေဒရဲ၊ ကျုံမငေး၊ ဝါးခယ်မ၊ ပုသိမ်၊ မော်ကျွန်း၊ မြောင်းမြ၊ ရေကြည်၊ အသုတ်၊ အဖျောက် အကုန်ရောက်သည်။

ယနေ့ကား မနေ့ကနှင့်မတူ။ တံတားတွေအသွယ်သွယ် ဆောက်၍ လိုရာခရီးသို့ လွယ်လွယ်ရောက်နိုင်ကြလေပြီ။

ယခု. . ဆရာဂျစ်ပွေးတစ်ယောက်လွယ်အိတ်ကြီးလွယ် အိတ်မည်းကြီးဆွဲလျှက် တိုးဂိတ်သို့ရောက်နေပါပြီ။

ဆရာတော်မှာထားသည့်အတိုင်း ထိုဂိတ်မှအောင်ချမ်းသာ အဝေးပြေးလိုင်းသို့ ဖုန်းနှင့်ချိတ်၍ ဘုတ်ကင်လုပ်ထားပြီးပါပြီ။ ဆရာတော်ထံလည်း ဆက်ထားပြီးပြီ။

www.burmeseclassic.com



ယနေ့ နေ့လည်(၁)နာရီထွက်သည့် ကျွန်းကုန်း၊ ဝါးခယ်မ ကားနှင့်လိုက်ရမည်။ နေ့လည်တစ်နာရီထွက်လျှင် ညနေခြောက်နာရီခန့် ကျွန်းကုန်းသို့ရောက်မည်။

ဆရာတော်က ရွှေထီးကုန်စုံဆိုင်မှစောင့်မည်။ ကားဆရာကို ရွှေထီးကုန်စုံဆိုင်ရှေ့ချပေးခိုင်းဖို့မှာထားသည်။

ဆရာတော်မှာထားသည့်အတိုင်း ကွက်တိဖြစ်သည်။ ရွှေထီးဆိုင်ရှေ့ရောက်တော့ ဆရာတော်ထွက်ကြို၏။

ဦးစွာအမျိုးသမီးတစ်ယောက် ဆရာဂျစ်ပွေးလက်မှအိတ်ကြီးကို လာဆွဲသည်။ အိတ်ကလည်း လေးမှလေး။

လွယ်အိတ်ကိုပါဆွဲလို့ မနည်းပြန်လုထားရသည်။ လွယ်အိတ်လောက်တော့ ကိုယ်တိုင်လွယ်ဦးမှပေါ့။

မော်တော်ပေါ်တက်တော့ ရွှေထီးဆိုင်က ကလေးတွေက ဝိုင်းအော်သည်။

"စာအုပ်ထွက်ရင်ဖတ်ဖို့ပေးနော်"

"စိတ်ချ . . စိတ်ချ . . "

ဂျစ်ပွေးက အာမခံလိုက်သည်။ သူ့ဆရာမောင်သွေးချွန်းကလည်း စာအုပ်ပေးနေကျမဟုတ်လား။

မော်တော်ပေါ်ရောက်တော့ ကမ်းနဖူးမှ စန်းဦးတို့ကို လက်ပြနှုတ်ဆက်သည်။

မော်တော်ကခွါနေပါပြီ။ မော်တော်မောင်းပဲ့ကိုင်ရှင်မှာ ထွန်းလင်းကျော်ဖြစ်၏။ အိတ်တက်ဆွဲသူမှာ သူ့ဇနီးဖြစ်သည်။

သူ့ဇနီးက ရင်သားကင်ဆာဖြစ်ဖူးရာ ဆရာတော့်ကျောင်းရှိ ကင်ဆာဆေးပင်ခေါ် ဆေးဝိဇ္ဇာပင်မှ အရွက်ဖြင့်ကုသပျောက်ဖူးကြောင်း ဆရာမောင်သွေးချွန်ထံမှ သိရသည်။

ဆရာမောင်သွေးချွန် စာလာရေးစဉ်ကလည်း ဆက်ကြော



www.burmeseclassic.com

www.burmeseclassic.com



တက်နေရာ ဆရာတော်က ထိုအရွက်ခူးစားခိုင်းသဖြင့် စားရာ ဖက်ကြောမတက်တော့ပဲ စာကောင်းစွာရေးနိုင်ခဲ့ကြောင်းသိရသည်။

ဆရာမောင်သွေးချိုက ထိုဆေးပင်ကို ကိုင်းဖြတ်ယူလာပြီး သူ့အိမ်မှာစိုက်ထားရာ အပင်နှစ်ပင်မှာ ကြီးမားရှင်သန်လျှက်ရှိသည်။ တင်ဆာရောဂါသမားများအတွက်လည်း ထိုဆေးရွက်ကို ဇီဝိတဒါန အဖြစ် လှူဒါန်းလျှက်ရှိသည်။

(ထိုဆေးရွက်အလိုရှိပါက အိမ်မဲမြို့နယ်၊ ဖိုးအောင်နီ ကျောင်းဆရာတော်ဦးဥတ္တမထံနှင့် ဆရာမောင်သွေးရင့် (၁၃) ထန်းပင်တုန်း ၁-လမ်း၊ သန်လျင်၊ ရန်ကုန်မြို့များသို့ ဆက်သွယ်ရယူနိုင်ပါသည်။ စာရေးသူ)

ကျွန်းကုန်းမှခွါ၍ ကျွန်းကုန်းတံတားသစ်ကြီးအောက်မှ မော်တော်ဖြတ်မောင်းစဉ် ဂျစ်ပွေးက ဆရာတော်ကိုမေးသည်။

"ဒါ ကျွန်းကုန်းတံတားနော်"

"ဟုတ်တယ်စာရေးဆရာ"

"နိမ့်လှချည်လား သင်္ဘောတွေဘယ်လွတ်မလဲ"

"သင်္ဘောမှမဟုတ်ဘူး၊ အုတ်တင်တဲ့မော်တော်တွေတောင် မလွတ်ချင်လို့ ရေကျမှစောင့်ဖြတ်နေရတယ်"

"ဘာလို့နိမ့်နိမ့်လေး ဆောက်ထားတာလဲဟင်"

"မသိဘူး စာရေးဆရာရေ . . သက်ဆိုင်ရာကိုမေးမှပဲ သိမယ်"

ဆရာဂျစ်ပွေးဘာမှ မပြောတော့။ သူမြင်ဖူးသမျှတံတား တွေထဲမှာတော့ ထူးထူးခြားခြား နိမ့်နေတာတော့ အမှန်ပင်။

"စတိုင်ဖြစ်မှာပေါ့လေ"

ဟုသာ ပေါ့ပေါ့လေးတွေးလိုက်တော့သည်။

ရေတက်နေသဖြင့် ရေစုန်ခုတ်ရသည်မို့ထင့် နာရီဝက်



www.burmeseclassic.com

www.burmeseclassic.com



သာသာမကြာချင်။ ဖိုးအောင်နီရွာသို့ရောက်ပြီ။

ကမ်းနဖူးမှာ အောင်ဗောဓိစေတီတော်ကို သပ္ပါယ်စွာဖူးရသည်။ နှစ်ထပ်သိမ်၊ ရွှေသာလျောင်းရုပ်ပွားတော်တန်ဆောင်း၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်၊ အသစ်ပြန်ဆောက်ထားသည့် နှစ်ထပ်ကျောင်းဆောင်ကြီးမှာ တင့်တယ်ထည်ဝါလှသည်။

သာမန်ကျေးလက်လေးမဟုတ်မှုဘဲ မြို့ပြလောက်နီးနီး ခန့်ညားထည်ဝါသည်ကိုတွေ့ရသည်။ ဆရာတော်၏လက်ထက်တွင်မှ ယခုကဲ့သို့စည်ပင်ဝေဆာလာခြင်းပင်။

ကမ်းနဖူးမှ ထူးခြားသောမြင်ကွင်းကြောင့် ဂျစ်ပွေးမျက်လုံး ပြူးသွားသည်။

ကြည့်စမ်း. .

ဘုစုခရု ကိုရင်လေးတွေ. . ရွှံ့အလူးလူးနှင့်ကျောင်းသားလေးတွေ. .

သူ့ကိုတန်းစီကြိုနေကြသည်။ မော်တော်ဆိုက်သည်နှင့် အိတ်ကို သူမကိုင်ရ။ ကိုရင်ကြီးတစ်ပါးကသယ်သည်။

"အီး. . လေးသဟ"

ကိုရင်တိုးတိုးညည်းခြင်းပါ။ ကိုရင်လေးတစ်ပါးက မော်တော်ကြိုးကို တိုင်မှာပတ်ဆွဲထားရင်း အားပေးသည်။

"ဒကာကြီး ဖြည်းဖြည်းတက်"

"ဟုတ်ကဲ့. . ကိုရင်"

ကိုရင်လေးတွေကချစ်ဖို့ကောင်းသည်။ သူ့ကို ပါးစပ် အဟောင်းသားလေးတွေနှင့် တန်းစီကြည့်နေကြသည်။

"မင်္ဂလာပါကိုရင်တို့"

"မင်္ဂလာပါ ဒကာကြီး"

"မင်္ဂလာပါ စာရေးဆရာဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရွယ်ရွယ်ကိုရင်က ပိုသည်။ ကဲသည်။ သူ့ကို စာရေးဆရာမှန်း ကြားဖူးထားသကိုး။

ဆရာတော်ဦးဆောင်၍ ဂျစ်ပွေးအား သိမ်ထဲခေါ်သွားသည်။ သိမ်တနှစ်ထပ်အုတ်သိမ်ပါ။

"ဒကာကြီးကို သိမ်အောက်ထပ်မှာပဲ နေရာချပေးမယ်"

"တင်ပါ့"

"ဒကာကြီး မောင်သွေးချိုတုန်းကလည်း သိမ်ထဲမှာပဲရေးတာပဲ"

"တင်ပါ့"

ဂျစ်ပွေးက သိမ်ထဲမှာရေးရမည်ဆိုသဖြင့် ဤသို့စဉ်းစားသေးသည်။

"အိမ်. . သိမ်ထဲမှာရေးတဲ့ ငါ့ဝတ္ထုဟာ သိမ်ဝင်ဝတ္ထုဖြစ်သွားပြီး ပယောဂပူးလို့ကတော့ ရေမန်းတိုက်စရာမလိုဘူး။ စာအုပ်နဲ့ ပစ်ပေါက်လိုက်တာနဲ့ ပြေးပြီမှတ်"

"ဒါကြောင့်လည်း ဆရာမောင်သွေးချို ဒီမှာလာရေးတဲ့ ဂမ္ဘီရဝတ္ထုတွေက ထူးခြားတာကို။ ဝိညာဉ်တဲ့ ကြောက်တဲ့စာအုပ်ကိုဖြစ်ရောပဲ"

"ဒကာကြီး. . ဒီကုတင်မှာ အိပ်၊ ဒီခုံနဲ့ရေး"

ဆရာတော်က ကုတင်နှင့်အသင့်ရှိသော စားပွဲဝိုင်းခုံကိုပြသည်။ ကိုရင်လေးက အိတ်ကြီးကိုကုတင်ပေါ်တင်ထားပေးသည်။

"ကိုင်း. . ဒကာကြီး နားဦး. . ခနနေတော့ ထမင်းစားဖို့ခေါ်ခိုင်းလိုက်မယ်"

ဆရာတော်ပြန်ထွက်သွားတော့ ဂျစ်ပွေးကုတင်ပေါ်ထိုင်ချလိုက်သည်။

"ဟူး. . "



www.burmeseclassic.com

www.burmeseclassic.com


သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။

ဂျစ်ပွေးလုပ်သမျှ ကိုရင်လေးများနှင့် ကျောင်းသားလေး တချို့က ခပ်လှမ်းလှမ်းကကြည့်နေကြသည်။

ဂျစ်ပွေးကဦးစွာ လွယ်အိတ်ထဲမှ တစ်စုံတရာကိုထုတ်လိုက်သည်။ ထိုအရာကား ရွှေရောင်ဒေါက်မြင့်ဖိနပ်လေးတစ်ဖက်။ ပလပ်စတစ်အိတ်လေးနှင့်ထုပ်ပိုးလို့။

ကျောင်းသားလေးများ မျက်လုံးအဝိုင်းသားဖြင့် တီးတိုးဆိုပြသည်။

"သူ့လက်ထဲက ဘာကြီးလဲဟ"

"သိဘူးကွ၊ ရွှေရောင်ကြီးပဲ"

"ဟ. . ဖိနပ်ဟ. . မြို့က ကောင်မလေးတွေစီးတဲ့ဖိနပ်ကွ"

"ဟုတ်ရဲ့လားကွာ"

"ငါ ဗီဒီယိုထဲမှာ တွေ့ဖူးတယ်၊ ဝါးခယ်မမှာလဲမြင်ဖူးတယ်၊ သေချာပါတယ်. . ဖိနပ်ပဲ"

"ဟင်း. . ဒါဆို ဘုန်းကြီးသွားလျှောက်မှ သိမ်ထဲဖိနပ်မယူရဘူးလေ"

"နေပါဦးကွာ. . သူဘာလုပ်မှာလဲ စောင့်ကြည့်ပါဦး"

ကိုရင်တွေ ချာတိတ်တွေ တိတ်သွားကြ၏။ မျက်လုံးတွေကတော့ ဂျစ်ပွေးဆီမှာ။

ဂျစ်ပွေးကတော့ ဘာကိုမှဂရုမစိုက်။ ရွှေရောင်ဖိနပ်လေးကို တသသကြည့်ပြီး လွယ်အိတ်ထဲပြန်ထည့်ထားသည်။

ပြီး. . ကုတင်ပေါ်မှ အိတ်မည်းကြီးကို ဇစ်ဖွင့်သည်။ အိတ်ထဲမှ ပစ္စည်းများကိုထုတ်၍ စားပွဲပေါ်တင်သည်။

ကော်ဖီမစ် နှစ်ပါကင်၊ လက်ဘက်ခြောက် တစ်ထုပ်၊ ထန်းလျက်တစ်ထုပ်၊ ကွေကာအုပ်တစ်ပါကင်၊ အိုဗာတင်တစ်ခါဖျော်


www.burmeseclassic.com

www.burmeseclassic.com



ထုပ် ၁၀ထုပ်၊ ဝမ်းတီးနှီဆီ ငါးဆယ်တန်းဆယ်ထုပ်၊ ဝမ်းတီးအသင့်ဖျော်လ္ဘက်ရည်တစ်ပါကင်(ဆယ်ထုပ်ပါ)တစ်ဘူး၊ ဝမ့်ဝမ့်လမုန့်တစ်ထုပ်၊ ရွှေကြိုးတိတ်ခြောက်တစ်ထုပ်၊ နက်ကော်ဖီဆယ်ထုပ်. .

ဂျစ်ပွေးစားပွဲပေါ်တင်ချထားသော ပစ္စည်းများကြည့်ပြီး ချာတိတ်တစ်ယောက်က ဘေးကချာတိတ်ကို တီးတိုးမေးသည်။

"သူဆိုင်လာဖွင့်တာလားဟင်"

"ဟာ. . မဟုတ်လောက်ပါဘူး၊ စာလာရေးတာပါ"

"စာရေးရင်း စရိတ်ကျေရောင်းဖို့များလား"

"ဘာစရိတ်မှကျေစရာမလိုဘူး၊ ဆရာတော်ကကျွေးထားမှာကိုဟာ. ."

ချာတိတ်တွေ ကိုရင်တွေ အဖြေမထုတ်နိုင်ကြပဲ ခေါင်းလေးတော့ကုတ်နေကြ၏။

သိပ်မကြာ။ သတင်းပေး ငမွေးအမည်ရှိ ချာတိတ်နှင့်အတူ ဆရာတော်ရောက်လာ၏။

"ဒကာကြီး"

"ဘုရား. ."

"ဖိနပ်ပါတယ်ဆို. ."

"တင်ပါ့. ."

"ဘယ်မှာလဲ"

"ဒီမှာပါဘုရား. ."

ဂျစ်ပွေးက လွယ်အိတ်ထဲမှဖိနပ်တစ်ဖက်ကိုထုတ်ပြသည်။

"အဲ့ဒါ ဘာလုပ်တာလဲ၊ ယတြာချေတာလား"

"မဟုတ်ပါဘူးဘုရား. . ဝတ္ထုရေးဖို့ပါ"

"ဘာ. . ဖိနပ်နဲ့ရေးမယ်. ."

"ဟုတ်. . အဲ. . မဟုတ်. . ဒီလိုပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပွေးက အကြောင်းစုံရှင်းပြ၏။ ဆရာတော်က ခေါင်း တညိတ်ညိတ်နှင့်နားထောင်သည်။

ပြီး မှတ်ချက်ပြု၏။

"ဘာပဲဖြစ်ဖြစ် . . ဖိနပ်ဟာ ဖိနပ်ပဲလေ၊ သိမ်ထဲမသွင်း ကောင်းဘူး. . အဝမှာသွားထားလိုက်"

"တင်ပါ့ဘုရား"

ချစ်ပွေးက ဖိနပ်လေးကိုယူပြီး အဝမှာသွားထားသည်။ ဆရာတော့်အတွက် လက်ဖက်ခြောက်၊ ကော်ဖီမစ်တစ်ပါကင်၊ ထန်းလျက်ထုပ်ကိုလှူသည်။

ဆရာတော်က လက်ခံပြီး ကိုရင်တစ်ပါးထံလွှဲပေးလိုက် သည်။ ချစ်ပွေးကိုကြည့်ရင်း ရင်ထဲမှမှတ်ချက်တစ်ခုချလိုက်သည်။

"တော်တော်ကြောင်တဲ့ဒကာပဲ"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

<၁၇>

"ညောင်ချောင်းကျေးရွာမှ မသူဇာ. . ရန်ကုန်ကဖုန်းလာနေပါတယ်၊ အခုဆယ်နာရီထိုးရင် ဖုန်းလာကိုင်ပါ"

ရုတ်တရက်ထွက်ပေါ်လာသည့်အသံကြီးကြောင့် ဂျစ်ပွေးလန့်သွား၏။ ထိုအသံမှာ လော်စပီကာခေါ် လော်ကြီးဖြင့်အော်သံဖြစ်ပြီး သုံးလေးကြိမ်ခန့်ဆက်အော်သည်။ အသံက ဆရာတော်အသံ။

တအောင့်နေတော့ ထပ်အော်ပြန်၏။

"မော်တော်ဆရာ ထွန်းမင်းကျော် ကြားရာအရပ်က အမြန်လာပါ"

ဂျစ်ပွေးပြုံးမိသည်။ အတော်အကြံပိုင်သည့်ဆရာတော်ပါလား။ ဆရာတော့်ကျောင်းမှာ ဖုန်းတပ်ထားတာမကြာသေး။

တစ်ရွာလုံးမက ရွာနီးချုပ်စပ်ပါ ဖုန်းပြောနိုင်သည်။ ဈေး နှင့်လည်းခေါ်ပေးသည်။

ဖုန်းတစ်ခါပြော သုံးမိနစ်ကို သုံးရာကျပ်။ နောက် တစ်မိနစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကျပ်။ ကြိုက်သလောက်ပြော ကျသလောက်ပေးဟု စာကပ်ထားသည်။

ခေါ်ပေးရသည့်အဝင်ဖုန်းအတွက်တော့ လာကိုင်လျှင်နှစ်ရာကျပ်။ ဒါ လော်ခမပါ။ လော်နှင့်အော်ရသည်က ဆရာတော့်မေတ္တာတည်း။

ဖုန်းနှင့်ပတ်သက်၍ ရသမျှကို ဖုန်းဘေလ်ဆောင်သည်။ ဆွမ်းစရိတ်သုံးသည်။

ဘာပဲဖြစ်ဖြစ် . .

ခေတ်သစ်ဖိုးအောင်နီရွာလေးနှင့် ရွာနီးနားမှာတော့ ဆရာတော်ဖုန်း၊ ဆရာတော့်လော်ကြီးကြောင့် တော်တော်ဟုတ်နေကြ၏။ အဆင်ပြေနေကြ၏။

အဲ. . ကသိကအောက်လေးများတော့ ရှိသပေါ့။ ဖြစ်ပုံက ဒီလို. .

ဆရာတော်က ဖုန်းစပီကာကို အမြဲဖွင့်ထားသည်။ တစ်ဘက်မှပြောသံကိုတစ်ကျောင်းလုံးက ကြားနိုင်၏။

ဒါကိုမသိသော အနီးရွာမှမိန်းကလေးတစ်ဦး ဖုန်းလာသည်ဆိုသဖြင့် ဖုန်းလာကိုင်သည်။

တစ်ဘက်မှဖုန်းသံက ယောကျ်ားလေးအသံ။ ချစ်ခွင့်ပန်ထားတာ ပြေဖို့တောင်းသံ။

ဖုန်းစပီကာဖွင့်ထား၍ ထိုအသံများကိုတစ်ကျောင်းလုံးကြားနေရတော့သည်။

သွားပြီ။ မှတ်ကရော။

ထိုမိန်းကလေးရှက်သွေးဖြာ၍ ပြေးတော့သည်။

တစ်ဖက်မှ ကောင်လေးက ဘုမသိ ဘမသိ လူ့ဘာအမဲခြောက်တောင်းသလို လုပ်နေတော့ ဆရာတော်က ထသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



စပီတာမှပြောလိုက်သည်။

"တ . . ဒကာ . . တော်တော့ . . ဒကာ ကောင်မလေးက ပြေးပြီ . . ကြည့်လုပ်"

တစ်ဘက်မှဖုန်းချသွားသည်။ တစ်ကျောင်းလုံးပြုံးစေ့စေ့။

နောက်ရက်၌ သတင်းတစ်ရပ်ထွက်လာသည်။

ထိုတောင်မလေးသည် ရှက်ရှက်နှင့် သူ့ကောင်လေးထံ အခိုးခံရန် လိုက်သွားပါသတဲ့။

တောင်လေးလည်း ဘုမသိ ဘမသိ မခိုးလိုက်ရပါဘဲ ခိုးထုပ်ခိုးထည်ကြီးရောက်လာကာ ကံအကောင်းဆုံးသူခိုးထူးဖြစ်သွားရသည်ဟူသတတ်။

ဂျစ်ပွေးလည်း ကနဦးကတော့ ဆရာတော်ဖုန်းနှင့်မေသူထံ ဆက်ဖို့ကြံထားသေးသည်။ ဆရာတော့်ဖုန်းအထာကိုသိသဖြင့် မဆက်တော့။

"ဘုန်းဘုန်း ဖုန်းတော့ကြောက်ပါတယ်"

ဟု တိုးတိုးညည်းကာ စာပဲကုန်းရေးနေတော့သည်။ နံနက်စောစောဆို ကျောင်းမှဟင်းပေါင်းနှင့် ထမင်းစားသည်။

ဆရာတော့်ဟင်းပေါင်းက နာမည်ကြီးသည်။ ဆရာမောင်သွေးချိုရေးသည့်ဝတ္ထုတွေမှာပါသည်။

ဟင်းပေါင်းဆိုတာ အလွယ်ပြောရလျှင် ကန်စွန်းရွက်ချဉ်ရည်ဟင်းထဲရှိသမျှပိုသမျှ ငါး၊ ကြက်၊ ဝက်၊ ဘဲဥ၊ ပဲပြုတ်၊ မှို၊ တို့စရာမှန်သမျှကိုထည့်၍ မီးနှင့်တစ်နေကုန်တည်ထားခြင်းပင်။

စားလို့တော့အလွန်ကောင်းသည်။ ဟင်းပေါင်းနှင့်စားတာ ရင်ခုန်ရပါသည်။ ကန်စွန်းရွက်တွေကြားမှာပါလာသည့်ဟင်းဖတ်ကို ဘာရယ်ဟုခွဲမရပါ။

ကြက်လား၊ ဘဲလား၊ ဘဲဥလား၊ ဝက်လား၊ အမဲလား ခွဲမရ။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲရောက်မှ အော် ဒါကြက်ပဲ။ ဒါဝက်ပဲဟုသိရ၏။

တချို့ဟင်းဖတ်များကြတော့လည်း ဘာမှန်းကိုမသိလိုက်ရဘဲ ဗိုက်ထဲရောက်သွားသည်။ တချို့အဖတ်ကပျော့စိစိ၊ မွှလား၊ ဆိတ်ဟုိဒင်းလား ကွဲကွဲပြားပြားမသိရ။

မနက်ဟင်းပေါင်းနှင့်စားပြီးလျှင်တော့ ထမင်းစားချိန်မှာ ဟင်းတွေစုံလင်လှသည်။ သူ့ဆရာပြောထားဖူးတာမို့ ထမင်းစားပြီးသည်နှင့် စိတ်ကြိုက်ဟင်းများကို ဇလုံထဲထည့်ကာ သိမ်းထားခိုင်းလိုက်သည်။ ညနေစာပေါ့။ နေ့လယ်စာပါစားလို့ရသေး၏။

သည်လိုနှင့် ဂျစ်ပွေးတို့ အိုကေမှာစိုပြည်နေသည်။ ရေနွေးခါတ်ဗူးမပြတ်ရှိသမို့ ကော်ဖီတစ်နေ့သုံးကြိမ်သောက်သည်။ ဒါကြောင့် ကော်ဖီမစ်တွေဝယ်လာခြင်းပါ။ မုန့်တွေဝယ်လာခြင်းပါ။

စျေးဆိုင်ဖွင့်ဖို့နေနေသာသာ ကိုယ့်ဟာကိုယ်တော်လောက်အောင်တွက်နေရသည်။

စာရေးဆရာအသက်က အရက် သို့မဟုတ် လက်ဖက်ရည်ပဲမဟုတ်လား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## < ၁၈ >

ဦးအာဒိစ္စလှေ့စပ်နေသည်။

ထွန်းမင်းကျော်လည်းပါ၏။

ဦးအာဒိစ္စဆိုတာ ကျောင်းမှခန်းနေဆရာတော်ပါ။ ခန်းနေဆရာတော်သာဆိုသည် အခန်းထဲမှာဘယ်တော့မှမနေ။

အပြင်မှာချည်းတွေ့နေရသည်။ အပြင်မှာကိုရင်လေးတွေတိုစာသင်၊ ကျောင်းဝန်းကျင်သန့်ရှင်းရေးလုပ်ခိုင်း၊ ဆူတန်တာဆူငေါက်တန်တာငေါက်နှင့် မအားရရှာ။

ကိုရင်လေးတွေ ကျောင်းသားလေးတွေ နေမကောင်းတော့လည်း ဦးအာဒိစ္စကပဲပြုစုသည်။

ည ၇နာရီဆို မီးစက်မောင်း၍ တီဗီဖွင့်ပြရသေးသည်။ စလောင်းရှိသဖြင့် ကောင်းနိုးရာရာလေးများကို ရမှုကိုင်၍ရှာဖွေထိုးပြရသေးသည်။ ညကိုးနာရီဆို မီးမှိတ်အိပ်။

ဦးအာဒိစ္စက လက်မှုပညာကျွမ်းသည်။ ကျောင်းရှိစားပွဲခုံများမှာ ဦးအာဒိစ္စရိုက်ထားတာချည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေးနေ၊ စကားခပ်ပြတ်ပြတ်ပြောတတ်သည်။ သဘောကတော့ကောင်းလှ၏။ စီးကရက်အလွန်ကြိုက်သည်။ စီးကရက်ကို အမြဲသောက်၏။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်ဟု ဦးအာဒိစ္စသိပါ၏။ သိသိကြီးနှင့်သောက်နေခြင်း ရယ်လေ။

ဂျစ်ပွေးက စာရေးရင်း ညောင်းသဖြင့် ဦးအာဒိစ္စတို့ လေ့စပ်ရာသို့သွားကြည့်သည်။ ဦးအာဒိစ္စကဘာမှမပြော။ သူ့အလုပ်သူလုပ်နေသည်။

ဂျစ်ပွေးလည်း ဘာမှမမေးရဲ။ ကိုယ်လည်းနားမလည်။ လေ့ကကြီးသည်။ ပဲ့ထောင်ဖြစ်၏။

"ဒီလိုလည်း လုပ်တတ်ကြတယ်။ တော်သားပဲ"

ဟုတော့ ကျိတ်ချီးကျူးမိသည်။ စိတ်ထဲမှချီးကျူးရင်းပြုံးမိသည်။ ဂျစ်ပွေးပြုံးတာကို ဦးအာဒိစ္စမြင်တော့ မှုံတေတေဖြင့် လှမ်းကြည့်၏။ ဦးအာဒိစ္စက သူလေ့စပ်နေတာကို ဂျစ်ပွေးဘာဝေဖန်မလဲဟုထင်မိသည်။ ပြုံးတာတွေတော့ ပိုဆိုး၏။

"ဟင်း . . စာရေးဆရာတွေလွယ်တာမဟုတ်ဘူး။ နာမည်က ဂျစ်ပွေးတဲ့။ ငါလည်းဂျစ်ကန်လုပ်ထားမှ တန်ကာကျမယ်"

ဦးအာဒိစ္စက သို့ကလိုတွေးရင်း မှုံတေတေလုပ်လိုက်တော့ ဂျစ်ပွေးပြေးတော့သည်။

"မလွယ်ဘူး. . ခန်းနေဆရာတော်က လက်သံပြောင်ပုံရတယ်၊ ကိုရင်လေးတွေလည်း နည်းနည်းလူပ်တာနဲ့ ရိုက်မယ်ဆိုတာချည်းပဲ. . လစ်မှ"

သို့ကလိုလည်းတွေးသွားသေးသည်။ တကယ်တန်းကျတော့လည်း ဘယ်ကိုရင်ကျောင်းသားကိုမျှ ဦးအာဒိစ္စရိုက်တာမတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော. . ကြိမ်လုံးကြီး တဝင့်ဝင့်နဲ့ဆိုတော့ ကြောက်တာပေါ့နော့။

ထိုကြိမ်လုံးအရှိန်ကလည်း လျှော့တွက်လို့မရ။

တစ်ခါက ကျောင်းသားလေးတစ်ယောက် သရက်သီးခိုး ခူးတာစား၏။ ဦးအာဒိစ္စသိတော့ ခေါ်ဆူသည်။

"မင်းဘာလို့ သရက်သီးတက်ခူးစားရတာလဲ"

ကျောင်းသားလေးမဖြေ။ ဦးအာဒိစ္စကိုပြူးကြည့်နေသည်။ အသားများလည်း တဆတ်ဆတ်တုန်လို့။ ဦးအာဒိစ္စ ဒီလိုတွေးသည်။

"အင်း. . ဒီကလေး ငါ့ကိုသိပ်ကြောက်နေပုံပဲ. . ဘာလို့ ငါ့ကို ကြောက်ရတာလဲ မေးကြည့်မှ"

ဟုတွေးပြီးမေးသည်။

"မင်းကြောက်နေတယ်ဟုတ်လား"

"မှန်ပါ့. ."

"ငါ့ကို ဒီလောက်ကြောက်ရလား"

ကျောင်းသားမဖြေ။ ပြူးကြည့်လျှက်. .။ ဦးအာဒိစ္စက ထပ်မေးသည်။

"ဖြေလေ. . မင်းငါ့ကိုသိပ်ကြောက်နေတာကြောင့်လဲ"

"ကြိမ်. . ကြိမ်လုံးကြောင့်ပါ"

ကဲ. . ဘာပြောပါမည်နည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# <၁၉>

"ဟေ့ကောင်. . မြင့်မြတ်"

"ဗျာ. . ဆရာ"

"ကိုဂျစ်ပွေးသွားပြီလား"

"သွားပြီဆရာ"

"ဘယ်လောက်ကြာပြီလဲ"

"ငါးရက်လောက်ရှိပြီဆရာ"

"အော်. . အေး. . အေး. . မင်းကောဘာရေးနေလဲ"

"မရေးဘူးဆရာ. . တွေးတုန်းပဲ"

"အေး. . အေး. . သေအောင်သာတွေး၊ တစ်နေ့တစ်နေ့ ဒီမှာပဲငုတ်တုတ်ထိုင်ထိုင်နေ၊ ရေးစရာရှိ ရေးတာမဟုတ်ဘူး"

ဆရာမောင်သွေးချိုက ဂရုဏာဒေါသောနှင့်ဆူရင်း မြင့်မြတ်ဘေးကခုံမှာ ဝင်ထိုင်သည်။ မြင့်မြတ်ထိုင်နေသည့်နေရာမှာ ၃၂လမ်းက အာကာလွင်လက်ဖက်ရည်ဆိုင်ပါ။

မြင့်မြတ်က ဒီဆိုင်မှာသူအမြဲထိုင်သည်။ တစ်နေ့တုန်းထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လာသည့် စာရေးဆရာများက လက်ဖက်ရည်တိုက်လျှင် သောက်သည်။ လက်ဖက်ရည်မသောက်ရလျှင် ရေနွေးတစ်နေကုန် ထိုင်သောက်သည်။

မြင့်မြတ်က ဆရာမောင်သွေးချိုကို တီးတိုးခေါ်သည်။

"ဆရာ"

"ဘာလဲ"

"ဆရာပြောမယ်ဆိုလည်း ပြောစရာပါဆရာ"

"အေးလေ. . ပြောစရာမို့ပြောတာပေါ့"

"ဒါပေမဲ့ ဆရာရယ်. ."

"ဟော့ကောင်. . ရှပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့. . ဘာပြောချင်တာလဲ"

"လက်ဖက်ရည်တစ်ခွက်လောက် တိုက်ပြီးမှပြောပါလား ဆရာ. . ဒါဆို ဆရာဘာပြောပြော နာခံရတာချိုမယ်ဆရာ"

"ဟေ. . အဲ့ဒီလိုလား"

"ဟုတ်. . အဲ့ဒီလိုပါပဲဆရာ"

"ဟော့ချာတိတ် တူးတီးလုပ်၊ မုန့်ပါချ ဒီကောင်နာခံရတာ ပိုချိုအောင်မုန့်ပါကျွေးပြီးမှ အတုံးလိုက်အတစ်လိုက်ပြောဦးမယ်"

ဆရာမောင်သွေးချိုက ပြောမဲ့သာပြောသည်။ တကယ်တန်း ကျတော့ ဘာမှဆက်မပြော။ သူ့မူအတိုင်း ရှပ်တည်ကြီးနှင့်လက်ဖက်ရည်သောက်ကာ ငွေရှင်းပြီးထပြန်သွားသည်။ မြင့်မြတ်ကိုလည်း လမ်းစရိတ်ငါးရာကျပ်ပေးသွားသေးသည်။

ဆရာမောင်သွေးချိုပေးရင်း တွေးသွားတာကိုတော့ မြင့်မြတ်မသိနိုင်။

"အလကား. . အရေထူ ငပွေးတွေ ပြောနေလည်းမထူးတာ ပဲရှိမယ်။ ကျွေးစရာရှိတာကျွေး ပေးစရာရှိတာပေးပြီး ကြို့မှ. ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်သွေးချိုထသွားတော့ ဆရာမောင်တည်ခန့် ရောက်လာသည်။ မောင်တည်ခန့်မှာ နာမည်နှင့်လိုက်အောင် တည်၍ခန့်သည်။ အမြဲတန်းစပို့ရှပ်နှင့်စတိုင်လ်ဘောင်းဘီဝတ်သည်။

မောင်တည်ခန့်လာတာမြင်တော့ မြင့်မြတ်မျက်လုံးများ ကျယ်သွားသည်။ မောင်တည်ခန့်ကနပ်သည်။

"ခင်ဗျားဘာမှမပြောနဲ့. . ခင်ဗျားကို ဆရာမောင်သွေးချို ပြုံးပြီး စရိတ်ပေးသွားတာမြင်တယ်. . ကျုပ်ကိုလက်ဖက်ရည်တိုက် ဒါပဲ"

"အန်. ."

မြင့်မြတ် အန်ချင်သွားသည်။ ဒီပုံအတိုင်းဆို ဒီကနေ့ မောင်တည်ခန့်ဆီကဘာမှရဖို့မမြင်။

"လက်ဖက်ရည်တော့မတိုက်ပါရစေနဲ့ ဆရာရယ်. . ညနေ စာနဲ့လမ်းစရိတ်ဟာ လိုတောင်နေသေးလို့ပါ"

"ကျုပ်ကဖြည့်ပေးရဦးမှာလား"

"မပေးပါနဲ့. . အဟီး. . လက်ဖက်ရည်တိုက်လို့တော့ မပြောနဲ့နော်"

"ကိုယ့်ဟာကိုယ်သောက်မယ်ဗျာ၊ ဒီနေ့ ခင်ဗျားကိုမတိုက် ရတာပဲ အတော်ကံထူးနေပြီ. . ချာတိတ်ဝမ်းတီး ဒီစားပွဲပေါ်ဟာ တွေသိမ်း ရှင်းပြီးသားမို့လား"

ဆရာမောင်တည်ခန့်က စားပွဲပေါ်မှ ခွက်များနှင့်ပတ်သတ် ၍ သူ့အမှုပတ်မည်စိုး၍ တစ်ခါတည်းသိမ်းခိုင်းလိုက်သည်။ စားပွဲ ထိုးလေးက သူ့အတွက်လက်ဖက်ရည်လာချတော့. .

"ရော့. . ဒီတစ်ခွက်ဖိုး တခါထဲယူထား။ နောက်ဘယ်သူ လာလာ ငါမမှာဘဲ လာမချနဲ့၊ ငါကအခြေအနေအရ မှာခဲ့ရင်တောင် ရှယ်လား ပြန်မမေးနဲ့. . ရိုးရိုးသာတစ်ခါထဲတန်းချ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်တည်ခန့်တို့က အမြင်ကျယ်သည်။ ရှေ့ရေးကို တစ်ခါတည်းတွေး၍ စီစဉ်ထားလိုက်သည်။

သိပ်မကြာပါ. .

ဆိုင်ထဲသို့ စာရေးဆရာမတစ်ဦး ဝင်ချလာသည်။ မောင်တည်ခန့်တို့စားပွဲမှာ တန်းထိုင်သည်။ ထိုဆရာမကား မြတ်နိုးရှင်း. .

အရပ်မြင့်မြင့် ခပ်ချောချောဆရာမပါ။ စကားပြောတာဝဲသည်။ ဝဲတာကိုချစ်စရာ။ (တွန့်ပ်ပြောတာမဟုတ်၊ မောင်တည်ခန့် ပြောဘူးတာတို ရေးပြရတာပါခင်ဗျ. . ဝလုံ. . စာရေးသူ)

ဝလုံကြီး. . အဲလေ. . အရပ်မြင့်မြင့် ခပ်ချောချောဆရာမ မြတ်နိုးရှင်းက မောင်တည်ခန့်ကိုပြောသည်။

"ဆရာတို့ရောက်နေတာကြာပြီလား. . လက်ဖက်ရည်တိုက်"

ဘာမှမဆိုင်။ ရောက်တာကြာတာနဲ့ လက်ဖက်ရည်တိုက်ရလျှင်တော့ ပါသမျှလောက်ဖွယ်မရှိ။

ဘာပဲဖြစ်ဖြစ်. .

ဆရာမကိုမြင်ကတည်းက မောင်တည်ခန့်က တိုက်ဖို့စဉ်းစားပြီးသား (လက်ဖက်ရည်ပါခင်ဗျ)

"သောက်လေ. . ဆရာမ. . ချာတိတ် ဝမ်းတီး. . ရှယ်"

မောင်တည်ခန့် ဝမ်းတီးအော်သံထိ စားပွဲထိုးဘာမှ မဖြစ်သေး. . မှာဖို့ပါးစပ်ပြင်နေတုန်း. . ရှယ်. . ဆိုတော့ အင်သွားသည်။

မောင်တည်ခန့်ထံ ကပ်သွားပြီး ပြန်မေးသည်။

"ဆရာ ဘာမှာတာလဲ"

"ဝမ်းတီးရှယ်လေကွာ. . ဘာကြောင်နေတာလဲ"

"ဆရာမှားနေလားလို့. . ရိုးရိုးလေဆရာ. . ရိုးရိုး. . "

ချာတိတ်သတိပေးတော့မှ မောင်တည်ခန့်က [illegible]းစပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝါးဖြင့်ကာ၍ တိုးတိုးပြန်ပြောသည်။

"အေး . . သူများဆိုရင်တော့ ရိုးရိုးပဲ။ သူ့ကိုတော့ မရိုးနိုင်ဘူး . . ရှယ်သာလုပ်ခဲ့ . . ကြားလား"

"ကြားတယ် . . ဆရာ . . အဟိ . . ကြားတယ်"

"ဆရာ . . တိုးတိုးတိုးတိုးနဲ့ ဘာဖြစ်နေကြတာလဲ"

မြတ်နိုးရှင်းက မျက်မှောင်ကုပ်ကာမေးတော့ မောင်တည်ခန့်က စပ်ဖြဲဖြဲဖြင့် . .

"အလကားပါ ဆရာမရာ၊ ဆရာမဖို့လက်ဖက်ရည်မှာတာကို ရိုးရိုးလားလာမေးနေလို့ မရိုးဘူးကွလို့ပြန်ပြောနေရတာပါ"

"ဘာမရိုးတာလဲဆရာ"

"ရှယ်ကိုပြောတာပါ ဆရာမရယ် . . ရိုးရိုးကရိုးရိုးလေ။ မရိုးရင်ရှယ်ပေါ့ . . ဆရာမကရှယ်ပဲမဟုတ်လား"

"မဟုတ်ဘူး . . ရိုးရိုးပဲ"

"အယ် . . ဆရာမ . . အဲ့ယ် . . "

"ဘာအယ်တာလဲ . . ဆရာနော် . . လက်ဖက်ရည် တစ်ခွက်တိုက်ဖို့ကို ကယောင်ကတမ်းတွေလုပ်နေတယ်"

"မဟုတ်ပါဘူး . . ရှယ်သောက်နေကျဆရာမက ရိုးရိုးဆိုလို့ အယ်မိတာပါ။ ကျွန်တော်အယ်တာ ဆရာမနဲ့ဘာမှမပတ်သက်ပါဘူး"

"ဆရာမောင်တည်ခန့် . . မီးတစ်တို့လောက်"

တစ်ချိန်လုံးညိမ်နေသည့် မြင့်မြတ်အသံ။ အသံကရိုးရိုးမဟုတ်။ ရှယ်သံ။

မီးတစ်တို့ဆိုပြီး မောင်တည်ခန့်မျက်လုံးကြီးကို ပြူးကြည့်နေတော့ . .

"ဟော့လူ . . မီးညှိချင်ရင် ကောင်တာမှာ မီးခြစ်ရှိတယ် . .



www.burmeseclassic.com

www.burmeseclassic.com



ထညှိပါလား"

"ဆရာ့ဆီမှာများ မီးညှိလို့ရမလားလို့ပါ"

မောင်တည်ခန့် ဘာမှဆက်မပြော။ ဆက်ပြောနေလျှင်လည်း သေနာတ ထပ်ဖွဲ့ဦးမှာလေ။

မြတ်နိုးရှင်းကတော့ မသိဟန်ဆောင်၍ လက်ဖက်ရည်ငုံ့သောက်နေတော့၏။ သူတို့တတွေက ပြောမနာဆိုမနာ ရေးဖော်ရေးဖက်တွေပဲလေ။

မြတ်နိုးရှင်းတွေးနေတာကတော့. .

"ဘူးတွေပုလင်းတွေ တွေးပြီး ရန်လုပ်နေလို့မဖြစ်ဘူး. . လက်ဖက်ရည်ကိုအရင် ကုန်အောင်သောက်ထားပြီးမှ ထပ်ရစ်လာရင်ပြောပစ်ရမယ်. ."

မြင့်မြတ်ဖွဲ့လိုက်သဖြင့် မောင်တည်ခန့် ရှက်သွားကာ တည်တည်ခန့်ခန့်ကြီးပြန်နေလိုက်တော့ မြတ်နိုးရှင်းစိတ်ပူရပြန်၏။

"ဒုက္ခပါပဲ. . ဟိုငပွေးဖွဲ့လိုက်တာနဲ့ ရှက်ပြီးပြန်တည်သွားပြီ၊ လက်ဖက်ရည်ဖိုးမရှင်းဘဲ ထသွားရင်တော့ပြဿနာ"

တော်သေးသည်။ မောင်တည်ခန့်ထမသွား။

"သူမထခင် ငါလစ်မှ. ."

ဟုမြတ်နိုးရှင်း တွေးရင်းစကားစလိုက်သည်။

"ဒါထက်. . ဆရာဂျစ်ပွေးမမြင်ပါလား"

"စာသွားရေးတယ်"

မြင့်မြတ်ကဖြေတာ။

"ဘယ်သွားရေးတာလဲ"

"ကျွန်းကုန်းဘက်က ဖိုးအောင်နီရွာတဲ့"

"ဘယ်လောက်ကြာပြီလဲ"

"ငါးရက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ"

"သတင်းစာတွေဘာတွေ သတိထားဖတ်ကြဦး"

"ဘာလို့လဲ ဆရာမရဲ့"

"သူသွားတဲ့ရွာ နာဂစ်မွှေသလို မလေမွေ့မွှေခံရတဲ့သတင်းတွေဘာတွေ ပါမလားလို့လေ"

"ဟာ. . ဆရာမကလဲ ကျွန်တော့်သူငယ်ချင်းကို"

"ဘာလဲ. . မဖြစ်နိုင်လို့လား"

"ပြောတာနည်းနေလို့ လျှော်လျှပ်တဲ့သတင်းပါ စောင့်ဖတ်ရမှာဗျ"

"ကိုယ့်လူကိုယ်သိပြီးတာပဲ"

ပြောရင်းဆိုရင်း ဆရာမထသွား၏။ မောင်တည်ခန့်ကိုလည်း နှုတ်ဆက်သွားသည်။

"ဆရာမောင်တည်ခန့်. . နောက်တစ်ခါလက်ဖက်ရည်တိုက်ရင် မှာလမှာထားတဲ့အတိုင်း ရိုးရိုးပဲလုပ်နော်. . ရှယ်ဆိုရင်စိတ်ဆိုးမှာပဲ. . သွားပြီ"

"ဟုတ်ကဲ့ပါခင်ဗျာ"

မောင်တည်ခန့် တည်ကြည်ရှိသေစွာပြန်ပြော၏။ စိတ်ထဲတမူ. .

"သွား. . သွား. . ကလန်ကလား. . လန်ဘားစာရေးဆရာမ"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## < ၂၀ >

အပြင်မှာ မိုးတွေရွာနေသည်။

မေသူ အရေမထူနိုင်တော့ရှာ။

ငိုင်နေမိ မှိုင်နေမိသည်။ လွမ်းသလို ဆွေးသလို ငိုချင်သလို လိုဖြစ်နေသည်။

တကယ်တော့. .

မေသူခမျာ. . ရင်မှာခံစား. . တကယ်မဖြေနိုင်တဲ့. . အတွင်းကြေဖြစ်နေခြင်းပင်။

အစကတော့ ကိုရွှေဂျစ်ပွေးကို ကလိချင်ချင် ရိချင်ချင် အပျော်သဘောနှင့် စာမျှောလိုက်ခြင်းပင်။

သာမန်သူတွေလို မေသူရယ် ချစ်မိပြီကွယ်. . ဘာညာသာရကာဆို မေသူခံစားရမည်မထင်။

ကိုရွှေဂျစ်ပွေးက လူထူးပုဂ္ဂိုလ်ထူး အုံ့ဖွယ်သူရဲ။ ရွှေဖိနပ်လေးလက်ဆောင်ပေးချင်သတဲ့။

နတ်သမီးစီးတဲ့ဖိနပ်ဆိုတဲ့ ဝတ္ထုကိုလည်း ရေးဦးမတဲ့။

ဒီမှာတင် မေသူကြွေသွားသည်။ ခိုက်သွားသည်။ မိုက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆို မှူးသွားမိသည်။

ဂျစ်ပွေးရှူးတာကို ထူးတယ်ထင်တော့ ခံစားရတာပေါ့။ အတွင်းကြေတွေဘာတွေဖြစ်ကုန်ရတာပေါ့။

ဂျစ်ပွေးနှင့်နစ်ကိုယ်မဆုံကြသေး၍ ဆုံဖြစ်ကြလျှင်တော့ အတွင်းကြေရုံမက ဖလန်းဖလန်းထသွားနိုင်သည်။

"ကိုကိုဆရာဂျစ် ရောက်လာရင်ငါဘာဆက်လုပ်ရမှာလဲ"

"ဂျစ်ရောက်လာရင် တက်မောင်းပစ်ပေါ့ မေသူရယ်"

"ဟင့်အင်း . . ကိုကိုဂျစ်ကို မမောင်းရက်ဘူး။ မောင်းရအောင် ကိုကိုဂျစ်က ကျွဲနွားမှမဟုတ်တာ"

မေသူတစ်ယောက်တည်း ကယောင်ကတန်းတွေတွေးနေခြင်းရယ်ပါ။

"ညီမလေး . . နေမကောင်းဘူးလား"

"ကောင်းပါတယ်မမ"

"ဘာတွေတွေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး မမရယ် . . အခုလို မိုးတွေရွာတော့ ဆွေးသလိုလို လွမ်းသလိုလိုကြီးဖြစ်နေလို့ပါ"

"မမသိပါတယ် . . ညီမလေးဘာဖြစ်ချင်လဲပြော . . မမဖြစ်အောင်လုပ်ပေးမယ်"

ကြည်ဖြူကညီမကိုချစ်သည်။ ညီမစိတ်ချမ်းသာဖို့ဆိုတကယ်လုပ်ပေးမည့်ပုံ။

"ကျေးဇူးပါပဲမမရယ် . . လိုအပ်တော့ မမကိုပြောမယ်နော်"

မေသူက နွမ်းယဲ့ယဲ့လေး ပြောလိုက်သည်။ ရင်ထဲမှ မပြောဖြစ်သွားသည့်စကားကိုတော့ သူ့မမ မကြားနိုင်ပါ။

"မမရယ် . . မေသူ့ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပေးမယ်တဲ့လား . . မမဘယ်တော့မှ လုပ်ပေးနိုင်စွမ်းရှိမယ်မထင်ပါဘူးရှင်"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# < ၂၁ >

ဂျစ်ပွေးစာရေးနေသည်။

သို့သော်. . စာရေးရတာသိပ်စိတ်မဖြောင့်။ ဘယ်အချိန် ဆရာတော် လော်ကြီးနှင့်ထအောင်မလဲစိုးထိတ်နေမိသည်။ စာရေး ရာသိမ်နှင့်ကျောင်းက နည်းနည်းလှမ်းသည်ကိုး။

ဆရာတော့်ဖုန်းနံပါတ်အား မြင့်မြတ်ကိုပေးခဲ့မိသည်လေ။ တော်သေး၏။ မြင့်မြတ်က ဖုန်းမဆက်။ ဆက်မလား။ ဖုန်းဖိုးဘယ် သူပေးမှာမို့လဲ။ ဒါတောင် ကိုရွှေဂျစ်ပွေးက ပူပင်နေသေးသည်။

ဂျစ်ပွေးစာရေးရတာ တော်တော်ခရီးရောက်နေသည်။ သည်ကနေ့ဆို ပြတ်လောက်သည်။ ဇာတ်သိမ်းပိုင်းဝင်နေပြီ။

ရေးနေတာလည်း တစ်ပတ်တင်းတင်းပြည့်ပြီ။ ရေးရင်း မျက်ရည်များပင်ကျမိသေး၏။

သနား၍ မျက်ရည်ကျခြင်းပါ။ ဘယ်သူ့ကိုမှသနားတာ အတွက်။ သူ့ကိုယ်သူသနားနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုထဲမှာသူက ဇာတ်လိုက်။ မေသူက မင်းသမီး မြင့်မြတ်နှင့်မောင်တည်ခန့်က လူကြမ်း။ သူအစာမကြေသူတွေအားလုံး လူကြမ်းစာရင်းထဲထည့်ထားလိုက်သည်။

သူကိုယ်တိုင်ကျတော့ သနားစရာအတိ။ မင်းသမီးက ရွှေဖိနပ်လေးစီးဖို့ ညင်းတော့ သူကပျဉ်းမနားမြို့လယ်က တန်ကြီးဆဲခုနချသေဖို့ တွေးနေသည့်အခန်း။

မြန်မြန်ခုနချလိုက်လျှင်အေးမည်။ လူတွေနားအေး မျက်စေ့အေးဖြစ်ကြရမည်လေ။

သူ့ဇာတ်နှင့်သူတော့ ဟုတ်နေ၏။ အရေးထဲသိမ်ဝမှာထားရသည့် ရွှေဖိနပ်ကို ခွေးချီသွားသဖြင့် လိုက်ရှာရသေးသည်။

"လုပ်ကြပါဦး. . လုပ်ကြပါဦး"

ရွှေဖိနပ်ကိုမမြင်သဖြင့် ဝမ်းခေါင်းသံကြီးဖြင့်အော်လေရာ ကိုရင်များ ကျောင်းသားများ ပြေးလာကြ၏။

"ဒကာကြီး ဘာဖြစ်လို့လဲ"

"ဖိနပ်ပျောက်လို့"

"ဟိုမှာလေ. . ဒကာကြီးဖိနပ်မဟုတ်လား"

"မဟုတ်ဘူး"

"ဟုတ်ပါတယ် ဒကာကြီးအမြဲစီးနေတာတွေ့နေတာပဲ"

"မဟုတ်ဘူးဆိုတာ ဒီဖိနပ်မဟုတ်ဘူး၊ ရွှေဖိနပ်ပျောက်"

"အော်. ."

"ဘယ်နားထားလို့လဲ"

"ဒီနားမှာလေ"

"ဘာရောင်လဲ"

"ရွှေရောင်. ."

"သိပြီ. . သိပြီ. . နတ်သမီးစီးမဲ့ဖိနပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်တသိနေတယ်"

"သိတာပေါ့. . ဒကာကြီး၊ ရေးနေတဲ့ဝတ္ထုပဲဟာ။ ဖိနပ်က တစ်ဖက်ထဲနော်"

"ဟုတ်ပါတယ်. . ရှာပေးကြပါ"

ထိုစဉ် ကျောင်းကြီးပေါ်မှ ဆရာတော်၏ လေသံကြီး ထွက်လာ၏။

"သိမ်ဝမှာ ကိုရင်တွေဘာဖြစ်နေကြတာလဲ"

"စာရေးဆရာဒကာကြီး ဖိနပ်ပျောက်လို့ပါဘုရား"

"ဘာ ဒကာဂျစ်ပွေးဖိနပ်လား"

"ဟုတ်တော့ဟုတ်တယ်. . မဟုတ်ဘူးဘုရား"

"ဘာလဲကွ. . ရှင်းရှင်းပြော"

သွားပြီ။ ဆရာတော်က လေကြီးနှင့်အော်။ ကိုရင်တွေက လက်ဝါးကာ အော်နှင့်။ တစ်ရွာလုံးသိကုန်ကြလေပြီ။ ဂျစ်ပွေး မျက်နှာရဲကနဲ။

"ရွှေရောင်ဒေါက်ဖိနပ်ပါဘုရား"

"နတ်သမီးစီးမဲ့ဖိနပ်လို့ပြောပါတယ်ဘုရား"

"တစ်ဖက်ထဲပါဘုရား. . "

"ကြားတယ်. . စွတ်အော်မနေကြနဲ့. . ငါလာခဲ့မယ်"

ဆရာတော်က လေကြီးနှင့်အော်တာကျတော့ ထည့် မပြော။ ကိုရင်တွေအော်ပြောတာကို လေနှင့်ငေါက်ပြီးမှ ဆင်းလာသည်။

"ဘယ်လိုဖြစ်ရတာလဲ ဒကာကြီး"

"ကြားတဲ့အတိုင်းပါဘဲဘုရား"

"အင်း. . အဲ့ဒီဖိနပ်ကို သိမ်ထဲယူလာတာ နတ်တွေမကြိုက်လို့ ဖွက်လိုက်ပြီလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် . . ဟင့် . ."

ဂျစ်ပွေး ငိုမဲ့မဲ့ဖြစ်သွားသည်။ ထိုစဉ်သတင်းပေးငမွေးက ဆရာတော့်ကို တိုးတိုးကပ်ပြောသည်။

"ဘုန်းဘုန်း ဘာနတ်မှမဖွက်ပါဘူး၊ အောက်နတ်ချီသွားတာပါ"

"အိမ်း . . ဟုတ်ပြီ . . ဟုတ်ပြီ နတ်ကခွေးကိုပူးပြီး ချီသွားတာပဲ၊ လိုက်ရှာကြစမ်း"

ဆရာတော်က အလျှော့မပေး။ ခွေးချီတာကိုတောင် နတ်ပူးချီတယ်လုပ်နေ၏။ ဘယ်နတ်က ခွေးကိုပူးမလဲပြော။

"တွေ့ပြီ . . တွေ့ပြီ . ."

"အေးတွေ့ရင် ယူလာပေးလိုက် . . ကဲ . . ဒကာတွေပြီတဲ့ သေချာသိမ်း . ."

"တင်ပါ့ဘုရား"

'တော်သေးသည်။ ဖိနပ်အကောင်းအတိုင်းပြန်ရ၏။ ပလပ်စတစ်အိတ်သာ ပေါက်ပြဲသွား၏။

ဂျစ်ပွေးက ဖိနပ်လေးကို တယုတယပွတ်သပ်ရင်း . .

"နတ်သမီးစီးမဲ့ဖိနပ်လေးရယ် . . သိပ်စိတ်ပူရတာပဲ။ မင်းတို့ နတ်သမီးလေးဆီ အမြန်ပို့မှဖြစ်တော့မယ်"

ဟုဆိုကာ ကျကျနနပြန်ထုပ်၍ အနီးကသစ်ပင်မှာ ချိတ်ထားလိုက်တော့၏။

ကိုရင်လေးများနှင့် ကျောင်းသားလေးကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းကိုဖြည်းညင်းစွာ ယမ်းနေကြပုံကတစ်မျိုး။

သတင်းပေး ငမွေးက ခေါင်းကိုလက်နှင့်ထောက်နေသေး၏။ အဲ့ဒါကလည်း တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် . .

ဂျစ်ပွေးတို့ကတော့ . . အပြန်ခရီးမှာ ဆရာတော်ပေးလိုက်သည့် ငှက်ပျောခိုင်ကြီးဆွဲလို့ရယ် . .

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## <၂၂>

'ပါတနာစာပေတိုက်'ထဲသို့ ဂျစ်ပွေးဝင်သွားသည်။

"ဟာ. . ဆရာဂျစ်ပွေး. . ဘယ်တုန်းက ပြန်ရောက်လဲ"

"မနေ့ကပဲဆရာ. . "

"စာမူပြီးခဲ့လား"

"ပြီးခဲ့ပါတယ်. . "

"အပ်ခဲ့မှာလား"

"မအပ်ခဲ့သေးဘူးဆရာ. . ပြန်စစ် အချောကိုင်လိုက်ဦးမယ်"

"ကောင်းပါတယ်. . ပြီးတော့မှပဲ လာပေးပေါ့. . ကြာမှာမှ မဟုတ်တာ"

"သုံးလေးရက်ပါပဲဆရာ. . စာကျစာနလေးတွေစစ်ဦးမှ"

ဂျစ်ပွေးက စာမူထပ်ကြီးကိုထုတ်ပြပြီး ပြောနေသည်ကို ထုတ်ဝေသူဆရာ ဦးမိုးဟိန်းကတော့ ခေါင်းတညိတ်ညိတ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို တခုပြောပါရစေ"

"စာမူခလား"

"မဟုတ်ပါဘူးဆရာ"

"ဒါဆိုဘာလဲဆရာပွေး"

"ဟို . : ဒီစာအုပ်ကို အမြန်ဆုံးထုတ်ဝေပေးပါလို့"

"ရုံးတင်ပြီး ရုံးကျရင် ခိုက်မှာပေါ့ ဘာလို့အရင်လိုရတာလဲ"

"အကြောင်းရှိလို့ပါဆရာ"

"သိတယ် . . သိတယ် . . ဆရာ့အကြောင်းတွေအကုန်သိတယ် . . ကြားထားပြီးသား"

"ဆရာဘာကြားထားလဲ"

"နတ်သမီးစီးတဲ့ဖိနပ်လေ ဆရာဝတ္ထုအကြောင်း၊ ကိုယ်တွေ့ဖြစ်ရပ်လေ၊ ရွှေရောင်ဒေါက်ဖိနပ်တစ်ဘက်က ဘယ်တော့ဝယ်မှာလဲ"

"ဟာ . . ဆရာဒါတွေပါသိနေတယ်။ မြင့်မြတ်လက်ချက်ဖြစ်မယ်"

"မြင့်မြတ်နဲ့ မဆိုင်ပါဘူး၊ အင်တာနက်သတင်းကသိရတာထားပါလေ . . ဆရာအချောအမြန်စစ် . . အမြန်လာပို့ . . အမြန်ဆုံးထုတ်ပေးမယ်"

"ရှဲ . . ရှဲဆရာ"

"ဟဲ . . ဟဲ . ."

ထုတ်ဝေသူကြီးရယ်မောစွာ ကျန်ရစ်၏။ ဆရာဂျစ်ပွေးကိုကြည့်ပြီး ခေါင်းယမ်းနေသည်။ ဘာအထာလည်းတော့မသိရ။

ဂျစ်ပွေးကတော့ ပေစောင်းပေစောင်းဖြင့် အာကာလွှင့်လက်ဖက်ရည်ဆိုင်သို့ ချီတက်သွားသည်။

ဆိုင်ရောက်တော့ မြင့်မြတ်ကို အသင့်တွေ့ရသည်။ မြင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com



က ဆီးပြောသည်။

"ဟာ. . ဆရာဂျစ်ပွေးပြန်လာပြီလား လက်ဖက်ရည်တိုက်"

"သောက်ဗျာ. . သောက်. . မုန့်စားဦးမလား. ."

"ထမင်းကို မစားရသေးဘူး ထမင်းကြော်ပါမှာလိုက်မယ် ဖြစ်မှာလား"

"ဖြစ်ပါတယ်"

မြင့်မြတ်က မဝှံမရဲဖြင့် ထမင်းကြော်၊ လက်ဖက်ရည်မှာ နေသည်။ သူတကယ်ပဲ ဆာနေရှာသည်။

"စာမူပြီးခဲ့ပြီလား"

"ပြီးခဲ့ပြီ"

"ဘယ်နေ့ကပြန်ရောက်တာလဲ"

"မနေ့ကပြန်ရောက်တာ"

"အဆင်ပြေတယ်မို့လား. . စာမူရောအပ်ခဲ့ပြီလား"

"မအပ်ရသေးဘူး. . ပြန်စစ်လိုက်ဦးမယ်. . နှစ်ရက်သုံး ရက်နေမှ အပ်မယ်"

"ဒါဆို. . အခုမှာထားတာတွေ ရှင်းဖို့ပါရဲ့လား"

"ပါပါတယ်. . စားစမ်းပါ၊ ခင်ဗျားကိုပြောစရာရှိတယ်"

"ပြော"

"စာမူအပ်ပြီးရင် ဖိနပ်တစ်ဖက်သွားဝယ်ချင်လို့ လိုက်ခဲ့ဦး"

"လိုက်မှာပေါ့. . ဝယ်ပြီး ဗျဉ်းမနားသွားမှာလား"

"မသွားသေးဘူး. . စာအုပ်ထွက်မှ စာအုပ်နဲ့အတူသွား မယ်"

"ဟင်. . ကြာဦးမှာပေါ့"

"သိပ်မကြာဘူး၊ ထုတ်ဝေသူနဲ့ ညှိခဲ့ပြီ၊ ကြာလှ သုံးလေးလ မိုးကုန်တာနဲ့အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းဦးလောက်သွားနိုင်မှာပေါ့"

"အင်း. . ဆောင်းလေအေးနဲ့အတူ ဒိုးကြမယ်လေ. . ခင်ဗျားပါလိုက်ရမှာ"

"ဟာ. . သိပ်လိုက်တာပေါ့. . ဒီလိုပွဲမျိုးစောင့်နေတာ"

နှစ်ဦးသား စားသောက်နေခိုက် စာရေးဆရာမမြတ်နိုးရှင်း ဝင်လာသဖြင့် မြင့်မြတ်က ဂျစ်ပွေးကိုလက်ကုပ်သည်။

"ဟိုမှာ. ."

"ဘာလဲ"

"လှည့်ကြည့်လိုက်"

"ဟာ. . ဆရာမ. . လာ. . လက်ဖက်ရည်သောက်ဦး"

"ရိုးရိုးပဲသောက်မယ်"

"ဆရာမက ရှယ်သောက်နေကျပါ"

"ဟင့်အင်း. . ဆရာမောင်တည်ခန့်တိုက်တဲ့ လက်ဖက်ရည် သောက်ပြီးကတည်းက ရိုးရိုးပဲဖြစ်သွားပြီ"

"ရှယ်ပဲသောက်ပါ. . တိုက်နိုင်ပါတယ်"

"ဟင့်အင်းရိုးရိုးပဲ"

"ရှယ်သောက်ပါဆို. ."

"ဆရာဂျစ်ပွေး. . ရိုးရိုးပဲလုပ်၊ ရိုးရိုးမဟုတ်ရင် မရိုးမသား သဘောသက်ရောက်တယ်. . ပေါက်လား"

"ဘာဆိုင်လဲ. . ရှယ်တိုက်တာနဲ့"

"ဆရာ. . ကျွန်တော်ဘာဖျော်ရမှာလဲ"

"ရှယ်"

"နိုး. . နိုး. . ရိုးရိုး. ."

စားပွဲထိုးခေါင်းကုတ်နေရှာသည်။ နောက်ဆုံးအဖျော်ဆရာ ကိုလှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ ရှယ်မလုပ်နဲ့. . ရိုးရိုးလည်းမလုပ်ဘူး. . မရိုးတရိုး လေးပဲလုပ်လိုက်တော့"

"ပေါက်ပြီ. . ရမယ်"

အဖျော်ဆရာက ဆရာမမြတ်နိုးရှင်းကို လှမ်းကြည့်ပြီး အော်သည်။

မကြာခင် လက်ဖက်ရည်တစ်ခွက်လာချတော့ ဆရာမ မြတ်နိုးရှင်းကမေးသည်။

"ဟဲ့. . ချာတိတ်. . မရိုးတရိုးလက်ဖက်ရည်က ဘယ်လို ဖျော်တာလဲ"

"မသိဘူးဆရာမ. . အဖျော်ဆာက ဆရာမကိုကြည့်ရင်း ဖျော်နေတာတော့တွေ့တာပဲ"

"သေနာလေးတွေ. ."

မြတ်နိုးရှင်း ကျိန်ဆဲတာကိုမကြားဘဲ အဖျော်ဆရာက ဖြဲဖြဲဖြဲဖြင့် လှမ်းရှင်းပြနေသည်။

"ရိုးရိုးလက်ဖက်ရည်ထဲကို ဘူးနို့ဆီနည်းနည်းထည့်လိုက် တော့ ဘူးပါသွားပြီး မရိုးတရိုးဖြစ်သွားတာပါခင်ဗျ"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## ၂၃

"ဟယ်. . တကယ်လာတယ်တော့"

"လာပါရှင်. . ကြွပါ. , ကြွပါ. . "

ဂျစ်ပွေးနှင့်မြင့်မြတ်တို့ကို ဖိနပ်ဆိုင်မှကြိုဆိုနေကြခြင်းပါ။ အခေါ်အဝေါ်တွေပြောင်း လေသံတွေပြောင်းနေပြီ။

"မောင်လေး စင်ကာပူက ဘယ်တုန်းကပြန်ရောက်လဲ"

"လေးငါးရက်ရှိပြီ. . "

"ကြည့်စမ်း. . ရောက်ရောက်ချင်း မမတို့ဆိုင်ကိုမလာဘူး။ သိပ်စိမ်းတာပဲ. . လူဆိုး"

ဆိုင်ရှင် မမကနွဲ့နေ၏။ ပြောချင်တာက လူဆိုးပြီး သူခိုးဟု ဆက်ပြောချင်တာပ။ မနည်းဘရိတ်အုပ်ထားရသည်လေ။

"မောင်လေးစင်ကာပူက ဘာပါလဲ"

"ငှက်ပျောတစ်ခိုင်. . "

"ရှန်. . "



www.burmeseclassic.com

www.burmeseclassic.com



"အဲ့. . ငှက်ပျောတစ်ခိုင်တံဆိပ်၊ လယ်သာဂျာကင်ပေး လိုက်တာပြောတာ"

"အဖိုးတန်မှာပဲနော်"

"တန်တာပေါ့. . တစ်ဖီးသုံးရာရတယ်"

"ရှန်"

"စင်ကာပူဒေါ်လာ သုံးရာပြောတာ"

"ဝတ်ခဲ့ပါလားဟင်"

"ဝတ်ဖူး. . ရောင်းပစ်လိုက်ပြီ"

တကယ်လည်း ဆရာတော်ပေးလိုက်သည့် ငှက်ပျောခိုင်ကို ကားဂိတ်မှာကတည်းက ဖျောပစ်ခဲ့ပြီပဲ။

မှတ်ထား။ ပေးချင်ဦး။

"မမ. ."

ဂျစ်ပွေးခေါ်သံ။

"ပြောလေမောင်လေး"

ဆိုင်ရှင်မမပြန်ပြောသံ။ ရောင်းသူဝယ်သူအသံတူနေကြ၏။ လေသံအေးလေးတွေနှင့်။

"ရွှေရောင်ဖိနပ်လေးတစ်ဖက်"

"ရှိတယ်. . သေချာသိမ်းထားတယ်။ ဇင်မာရေ. . မောင် လေးရဲ့ဖိနပ်တစ်ဖက်ထုတ်ခဲ့ပါကွယ်. ."

"ဟုတ်ကဲ့မမ. . အစ်ကိုလေးအတွက် ဖိနပ်ကအသင့်ပါပဲ"

ကြည့်စမ်း စင်ကာပူကပြန်လာတယ်ဆိုတာနဲ့ မောင်လေး တွေ အစ်ကိုလေးတွေဖြစ်ကုန်ကြ၏။ တတ်လည်းတတ်နိုင်ကြပါပေ့ နာဦးမှာ။

တော်သေးသည်။ ထိုနေ့က ဂျစ်ပွေးနှင့်မြင့်မြတ်တို့က သိပ်မရစ်ဘဲ ဖိနပ်တစ်ဖက်ဖိုး ကျန်ငွေချေ၍ယူသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး. . နောက်လည်းလာအားပေးနော်"

"ကျေးဇူးတင်ပါတယ်ရှင့်. . နောက်လည်းလာခဲ့နော်"

"မဝယ်ဘဲ အလည်သက်သက်လာလို့ရမလား"

မြင့်မြတ်ကမေးတာ။

"ရပါတယ်ရှင်. . ဖေါက်သည်တွေပဲ"

ဟုတ်ပါ့။ ဖိနပ်တစ်ရံကို နှစ်ခါသုံးခါလာကြည့် နှစ်ဖက်ခွဲဝယ်မှတော့ ဖေါက်သည်ဖြစ်ပြီပေါ့။

"ဒါဆိုမနက်ဖြန်လာခဲ့မယ်။ လက်ဖက်သုတ်ထား"

အံမယ်. . အံမယ်. . သူ့အမျိုးအိမ်ကျနေတာပဲ။ မှာနေပုံတာ. . ဗွန်း. . ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## ၂၄

တစ်မိုးကုန်၍ တစ်ဆောင်းသစ်တော့မည်။

တန်ဆောင်မုန်းမှာ မောင်ဖုန်းလာမည်ဆို၍ မေသူရင်ဖို နေမိသည်။

အပ်ဟုတ်။ တကယ်။

ဂျစ်ပွေးက သူလာခဲ့မည်ဖြစ်ကြောင်း။ မေသူ့ထံအကြောင်း ကြားထားပြီးပြီ။ လာမဲ့ရက်လည်း ဒိတ်ပြီးပြီ။ နှင်းတွေမကျတကျ တန်ဆောင်မုန်းလထဲမှာပါပဲလေ။

ဂျစ်ပွေးရေးတဲ့ 'နတ်သမီးစီးတဲ့ဖိနပ်' စာအုပ်ကလည်း ထွက်နေပြီ။

ဂျစ်ပွေးကမေသူ့အတွက် စာအုပ်လက်ဆောင်၊ ဖိနပ်လက်ဆောင်အသင့်ပြင်ပြီးပြီ။

အဝိုးထံအပ်နှံထားသည့် မေသူပို့ထားသည်။ ဦးဂွမ်းလုံးချည် သစ်လေးကိုလည်း ရွေးပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေသူ့ရှေ့မှောက်မှာ မေသူပေးတဲ့လုံချည်ကိုဝတ်ကာ ဒူး ထောက်၍ ဖိနပ်လေးစွပ်ပေးမည်။

စာအုပ်လေးလည်းပေးလိုက်ဦးမည်။

စာအုပ်မျက်နှာဖုံးမှာကိုက ရွှေရောင်ဒေါက်ဖိနပ်ပုံလေးပါ သည်လေ။ သူဝယ်ထားသည့် ဖိနပ်ကိုခါတ်ပုံရိုက်၍ ထုတ်ဝေသူထံ အဖုံး၌ထည့်ပေးရန် ဂျီကျဂျစ်ကျပွေးကျပြီး နားပူနားဆာလုပ်ထား ခြင်းပင်။

"မြင့်မြတ်ရေ. . တို့မနက်ဖြန် ရွှေမန်းသူကားနဲ့ ဒိုးမှာနော် အသင့်လုပ်ထား"

"အဆင်သင့်ပဲမောင်"

"မှတ်ပုံတင်မမေ့နဲ့ဦး"

"စာနယ်ဇင်းကတ်တောင်ပါသေး"

"ကားက ညနေခြောက်ခွဲထွက်မှာ"

"ဘယ်မှာသွားစီးရမှာလဲ. . အဝေးပြေးလား"

"မှတ်ဘူး. . တောင်ဥက္ကလာ ပါရမီကားဝင်းမှာ"

"နီးပါတယ်. . အိုကေ. . အောရိုက်"

မြင့်မြတ်လည်း လန်းဆန်းသွက်လက်၍ ဖလန်းဖလန်းထ နေသည်။

သူ့ရေးဖော်ဂျစ်ပွေး ရင်ခုန်ရသော မေသူ့ကို သူလည်းတွေ့ ချင်လှသည်။ မေသူ့ခါတ်ပုံအပေါ် တစ်ပိုင်းပုံလေးတော့ ဂျစ်ပွေးထံ ကတွေ့ဖူးထားသည်။ ရုပ်ရည်လေးကမဆိုးပါ။

"ပျဉ်းမနားသူတွေ အလှသား၊ ငါလည်းတစ်ယောက်ချိတ် ခဲ့မှ"

ဟုတွေးမိသေး၏။

မေသူမှာ အစ်မရှိမှန်းသိထားသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်. .

"ယ" ရက်သို့ရောက်၍ ကားပေါ်တက်ခဲ့ကြရသည်။

ဂျစ်ပွေးမျက်နှာဝင်းပနေသည်။ ဖေါင်းကားနေသော လွယ်အိတ်ကို တသသ။

ပါရမီဝင်းမှ ကားထွက်တော့ ညနေ ၆း၃၀ နာရီ။ ကားကလမ်းဟောင်းမှသွားသည်။ ပဲခူး၊ ဒိုက်ဦး၊ ရေတာရှည်၊ တောင်ငူအကုန်ဖြတ်သည်။

နေပြည်တော် မြို့မဈေးရောက်တော့ နံနက် ၄း၃၀ နာရီပဲရှိသေး၏။ ပျဉ်းမနားဘောဂသီရိကားဝင်းရောက်တော့ နံနက်ငါးနာရီခွဲခန့်ရှိနေပြီ။

စောနေသဖြင့် လက်ဖက်ရည်ဆိုင်ထိုင်၍နားလိုက်ကြသေးသည်။

ပျဉ်းမနားမှာ ထမင်းစားကာ ဗိုလ်ဖြည့်ပြီးမှ မေသူ့ထံဆက်သွယ်တော့မည်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# < ၂၅ >

"ဘာ. . သူတို့ရောက်နေကြတယ်. . ဟုတ်လား မမ"

"ဟုတ်တယ်ညီမ. . ဆရာပန်းဏီလာပြောတာ. . သူတို့စောင့်နေကြတယ်တဲ့"

"ဟင့်. . ဟင့်. . ဘယ်လိုလုပ်ရမလဲ မမရယ်"

"မငိုပါနဲ့ညီမရယ်. . ဖြည်းဖြည်းစဉ်းစားကြတာပေါ့"

"ဟင့်. . အင်း. . မစဉ်းစားချင်ဘူး. . ညီမလေးသူ့ကိုတွေ့ချင်ဘူး. ."

"ဒီလိုတော့လည်း မလုပ်ပါနဲ့ညီမရယ်. . ညီမလေး သူ့ကိုတွေ့ချင်တယ်ဆိုတာ မမသိပါတယ်"

"ဟုတ်ပါတယ်မမရယ်. . သူ့ကိုတွေ့ချင်တာမှတော့ ဒီရင်ခတ်ကြီးထဲမှာ ဗလောင်ဆူလို့ရယ်ပါ၊ ဒါပေမယ့်. . တွေ့လို့မဖြစ်ဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



မေသူညည်းနေသဖြင့် ကြည်ဖြူဘာပြောရမှန်းမသိဖြစ်နေသည်။

"မမ. ."

မေသူက ငိုသံလေးနှင့်ခေါ်သည်။

"ပြောညီမလေး. ."

"သူတို့ကိုပြန်ခိုင်းလိုက်ပါနော်. . မတွေ့ချင်ဘူးပဲ ပြောလိုက်ပြီးခဲ့တာတွေမေ့လိုက်ပါလို့ ပြောပေးနော်"

"မမလည်း ဘယ်လိုပြောရမှန်းမသိတော့ပါဘူးကွယ်. . ညီမလေးကိုလည်း အရမ်းသနားတယ် ဆရာတို့ကိုလည်းအားနာတယ်"

"ပြောပေးပါမမရယ်. . ဒါဟာအကောင်းဆုံး ဆုံးဖြတ်ချက်ပါပဲ"

"ဟင်း. ."

ကြည်ဖြူ ဟင်းချသည်။ မေသူ့ထံပါးမှ အသာခွါသွားသည်။ မေသူဆန္ဒအတိုင်းပဲပြောရတော့မည်လေ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## < ၂၆ >

"ဗျာ . . မေသူက ကျွန်တော့်ကိုမတွေ့ချင်ဘူး . . မနောက်ပါနဲ့ ဆရာပန်းဏီရယ်"

"ဆရာဂျစ် . . ကျွန်တော်နောက်နေတာမဟုတ်ဘူး . . ခုနပဲ သူ့အစ်မကြည်ဖြူကိုယ်တိုင်လာပြောသွားတာ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်ဆရာရယ် . . ခုန ကိုမြင့်မြတ်တောင်မြင်လိုက်သေးတယ် . . သူ့အစ်မကြည်ဖြူလာသွားတာ"

"ဟုတ်တယ် မြင်တယ်ဗျ၊ ကိုပန်းဏီနဲ့ စကားပြောနေတဲ့ အမျိုးသမီး၊ တောင့်တောင့်ဖြောင့်ဖြောင့်ပဲ . . မေသူ့အမလားဒ"

"ဟုတ်တယ်ဆရာ . . မေသူ့အစ်မကြည်ဖြူတဲ့"

"မဆိုးဘူးဗျ၊ ပျဉ်းမနားသူတွေလှသားပဲ"

အရေးထဲ မြင့်မြတ်က နှာကျနေသေးသည်။ ဂျစ်ပွဲမှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မရှုနိုင် မရှိုက်နိုင်။

"ဆရာပန်းဏီ. ."

"ပြော. . ဆရာဂျစ်"

"ကျွန်တော့်ကို တစ်ခုကူညီပါဗျာ"

"ပြောလေဆရာ. . ကျွန်တော်ဘာကူညီမှာလဲ"

"ဟို. . မေသူ့အစ်မကြည်ဖြူကို ခနလောက်ခေါ်ပေးပါလား၊ စကားနည်းနည်းပြောချင်လို့ပါ"

"ဟုတ်တယ်. . ကောင်းတယ် ခေါ်ပေး. . ကျွန်တော်လည်း ပြောမယ်"

အရေးထဲမြင့်မြတ်က ဘာမှန်းမသိပြောမယ်ချည်းလုပ်နေ၏။

ဆရာပန်းဏီကတော့ ခေါင်းကုတ်စဉ်းစားနေသည်။ ပြောရ ခက်ဟန်ရှိနေသည်။

"ဆရာဂျစ်. ."

"ပြောပါဆရာ"

"ဆရာ့ကိုကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ"

"အားမနာနဲ့ပြောဆရာ"

"ဆရာမေသူကို တွေ့မနေဘဲ ပြန်သွားလိုက်ပါတော့. . ဆရာသူ့ကို ပေးချင်တဲ့ နတ်သမီးစီးတဲ့ဖိနပ် စာအုပ်ပဲပေးခဲ့ပါ။ ဖိနပ် ပြန်ယူသွားလိုက်ပါ"

"ဆရာဘာပြောလိုက်တာလဲဟင်"

"ရှင်းရှင်းလေးပါဆရာရယ်"

"ကျွန်တော်ကဘာလို့ပြန်ရမှာလဲ မေသူ့ကိုမတွေ့ရချင်း မပြန်ဘူးဗျာ"

ဂျစ်ပွေးက ပေကပ်ကပ်လုပ်နေ၏။ မြင့်မြတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေစောင်းစောင်းနှင့်ဝင်ပြောသည်။

"ဆရာပန်းဏီ မကြည်ဖြူကိုသာ သွားခေါ်ပေးပါဗျာ. . ကျွန်တော်ပြောမယ်"

အရေးထဲ ဘာပြောမှာမှန်းမသိ။ ပြောမယ်ချည်းလုပ်နေ၏။

ဂျစ်တစ်တစ်နှင့် ပေစောင်းစောင်းနှစ်ယောက် ဘယ်လိုမှ ဖြန်ခိုင်း၍ရမည်မဟုတ်မှန်းရိပ်မိသဖြင့် ဆရာပန်းဏီလျှော့ချသည်။

"တဲ. . ဒါဆိုလည်း မကြည်ဖြူနဲ့တွေ့မနေနဲ့တော့ မေသူနဲ့ တွေ့ဖို့ ကျွန်တော်စီစဉ်ပေးမယ်။ ဆရာ့ဇာတ် ဆရာနိုင်အောင်သာ တာ"

"ကမယ်ဗျာ. . တွေးနေအောင်ကို ကပစ်ဦးမယ်၊ ဆရာ့ စကားအတိုင်း ဆရာစီစဉ်ပေး"

"မကြည်ဖြူနဲ့အရင်တွေ့ပေးဦးလေ"

မြင့်မြတ်က ဖေါက်နေသေးသည်။ သူကလည်း ကြည်ဖြူ ရောဂါထနေ၏။

ဟိုမှာက ဘာတွေဖြစ်လို့ ဖြစ်နေမှန်းမသိ။ ပဟေဠိတွေ အများကြီးပါနေသည်။

ဆရာဂျစ်ပွေး မျက်နှာဆို ဇီးရွက်ထက်ပင်သေးနေသေး၏။

"ဘာတွေဖြစ်နေတာလဲ. ."

"ဘာတွေဖြစ်ကုန်တာလဲ"

"မေသူက ငါ့ပေါ် ဘာကြောင့် ရက်စက်ရတာလဲ"

ဂျစ်ပွေးတွေးသည်။ တွေးမရ။ နောက်ဆုံးတော့ ဆရာပန်း ဏီကိုပဲ အပူကပ်ရတော့သည်။

"ကဲ. . ဆရာပန်းဏီလုပ်ဗျာ မေသူနဲ့တွေ့ဖို့စီစဉ်ပေး"

"စိတ်ချဆရာ. . ကျွန်တော်စီစဉ်မယ်. . ဆရာတို့ စိတ်ရှည် ရှည်တော့ထား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဆရာ၊ ကျွန်တော်စိတ်ခိုင်ပါတယ်။ မေသူပုန်း မယ်ဆိုလည်း အပြုံးလေးနဲ့ ခံဝံ့ပါတယ်။ တွေ့ရရင်ကျေနပ်ပါပြီ။

"မကြည်ဖြူပါခေါ် ခဲ့ဗျာ. . ကျွန်တော်လည်း စကားနည်း နည်းပြောရရင် ကျေနပ်ပါပြီ"

ရောဂါ. . မြင့်မြတ်ရောဂါ။

ဆရာပန်းဏီကတော့ ဘာမှပြန်မပြော။ မိုးကောင်းကင်ကြီး ကိုမော့ကြည့်နေသည်။

ကြည့်နေပုံကတစ်မျိုး. . ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## < ၂၇ >

ဆရာပန်းဏီ စိတ်မောလှုမောဖြစ်နေရပြီ။ မကြည်ဖြူကို တွေ့၍ တီးတိုးတိုင်ပင်ကြရသည်။

ဆရာပန်းဏီဆိုတာ ပျဉ်းမနားကစာရေးဆရာပါ။ ရန်ကုန်သို့မကြာမကြာလာတတ်သဖြင့် ဂျစ်ပွေးတို့နှင့်ကျွမ်းဝင်ပြီးသား။

ယခုဂျစ်ပွေးတို့ ပျဉ်းမနားရောက်တော့ လိုအပ်တာကူညီရမည်မှာသူ့တာဝန်။

သို့သော်. .

ယခုကိစ္စက သာမန်အရေးမဟုတ်။ နှလုံးသားအရေး. . အခန့်မသင့်လျှင် နှလုံးသားတွေစတေးလိုက်ကြရမည့်ပွဲဖြစ်သည်။

ဆရာပန်းဏီက မကြည်ဖြူတို့မိသားစုနှင့် ခင်မင်ရင်းနှီးမှုရှိသည်။ ဝင်ထွက်သွားလာခွင့်၊ ပြောရေးဆိုခွင့်ရှိသည်။

သို့တစေ. .

သည်အရေးမှာဖြင့် သူမပါလိုတာအမှန်။ ဆရာဂျစ်ပွေးတို့



www.burmeseclassic.com

www.burmeseclassic.com



ကသည့်ဇာတ်ကို သူမသိခဲ့ရ။ ဇာတ်သိမ်းပိုင်းရောက်ကာမှ သူဝင်ပါရခြင်းပါ။

ပွဲကသိပ်မလှ။ အရာရာကို ဆရာပန်းဏီသိနေသည်။ မည်သူ့ကိုမျှအပြစ်မဆိုချင်။ ကံကြမ္မာဖန်လာ၍ဟုသာ သတ်မှတ်ရတော့မည်။

"ဘာပဲဖြစ်ဖြစ် . . သူတို့နှစ်ဦးဆုံပေးလိုက်တာ ကောင်းပါတယ်ဗျာ. . ဒါမှလည်း သူတို့ကံကြမ္မာ သူတို့ဖန်တီးနိုင်ကြမှာပေါ့"

"ဖြစ်ပါ့မလား ကိုပန်းဏီ. . ကျွန်မက ညီမလေးအတွက် စိုးရိမ်မိတယ်။ ကိုပန်းဏီ ဆရာဂျစ်ပွေးကို အရင်ဖွင့်ပြောထားရင် ကောင်းမလား"

"အဲ့ဒီလိုစဉ်းစားမိပေမဲ့ မပြောသင့်ဘူးထင်လို့ပါ။ သူ့ရဲ့ စိတ်ရင်းအမှန်နဲ့ ဖြစ်လာမဲ့အကောင်းအဆိုးအဖြေကိုပဲ ယူသင့်တယ်ထင်ပါတယ်"

"အင်းလေ. . ဒါလည်းဟုတ်ပါတယ်၊ ကဲ. . ကျွန်မညီမလေးကို ဖြောင့်ဖျလိုက်ပါ့မယ်"

သူတို့နှစ်ဦး အစီအစဉ်ကိုတိုင်ပင်ပြီးနောက် လမ်းခွဲလိုက်ကြသည်။

"ဟင်း. ."

"ဟင်း. ."

ပင့်သက်ကိုယ်စီနှင်ရယ်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

<၂၈>

ကျယ်ဝန်းသောခြံဝင်းထဲမှာတော့ ရေကန်လေးတစ်ကန်၊ ဝန်းမျိုးစုံတို့ဖြင့် လှပနေသည်။

ကန်ရေပြင်ကို မျက်နှာမူ၍ ခုံတန်းလျားပေါ်မှာ မေသူထိုင်နေသည်။

မေသူရင်တွေခုန်နေသည်။ အဆင်မှပြေပါ့မလားတွေးပူနေသည်။

သူ့အနေနှင့် ဆရာကိုကိုဂျစ်ကို မတွေ့တော့ဟုပိုင်းဖြတ်ထားသည်။ သူ့ဘဝအမှောင်တိုက်ထဲသို့ ချစ်ရသူကိုဆွဲမခေါ်လို. . ။

သို့သော်. .

မမကြည်ဖြူ၏ ဖြောင့်ဖျမှုကြောင့် မေသူအရဲစွံ့ အတွေ့ခံဖို့ပိုင်းဖြတ်ရခြင်းပါ။

အမှန်တကယ် ရင်မှာလည်းတွေ့လို မြင်လို စကားပြောလို့လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့. .

တကယ်တွေ့ရပါတော့မည်။

"ကျွန်မရင်တွေခုန်နေတယ် ကိုကိုရယ်၊ စိတ်လည်းမောတယ်ကွယ်"

ကန်ရေပြင်ကိုကြည့်ကာ ရင်ခုန်စိတ်မောနေသော မေသူ့နောက်ပါးသို့ ဂျစ်ပွေးရောက်လာသည်ကို မသိလိုက်။

"မေသူ. ."

ဂျစ်ပွေး၏ ညစ်ဖွဖွအသံကြောင့် မေသူလှည့်ကြည့်သည်။

"ဟင်. . ဆရာကိုကို တကယ်လာတယ်နော်"

ရင်ထဲကမှ. .

"ဓါတ်ပုံထဲကရုပ်နဲ့လည်း မတူလှဘူး. . အင်များလား"

ဟုတွေးနေမိသည်။ ဂျစ်ပွေးကလည်း နပ်သည်။ လွယ်အိတ်ထဲမှ ဝတ္ထုစာအုပ်ကို အရင်ဆွဲထုတ်ပြီး ကမ်းပေးလိုက်သည်။

"ဒီမှာ ကိုဂျစ်ရေးတဲ့ နတ်သမီးစီးတဲ့ဖိနပ် ဝတ္ထုစာအုပ်လေ ဒီစာအုပ်ထွက်အောင်စောင့်နေလို့ လာတွေ့ဖို့ကြာသွားတာ"

ပြောရင်းဆိုရင်း မေသူ့ဘေးဝင်ထိုင်လိုက်သည်။ ထိုင်ပြီးပါးစပ်မှ ဆီမန်းမန်းသလို တဖွဖွပြောတော့သည်။

"အဲ့ဒီဝတ္ထုကို ကိုကိုဂျစ်ရင်ဘတ်ကြီးနဲ့ ရေးခဲ့ရတာသိလား"

". . . . . . . ."

"စာအုပ်ကျောဖုံးက ဖိနပ်ပုံလေးက မေသူစီးဖို့ဖိနပ်လေ. . ကိုကိုဂျစ် နှစ်ခါခွဲဝယ်ထားတာ"

"ရှင်. ."

"ဆိုင်ကို နှစ်ခေါက်ပြန်ဝယ်ရတာ ပြောတာ"

". . . . . . . . ."

"အဲ့ဒီဖိနပ်ပုံလေးပါဖို့ ဖိနပ်အစစ်ကို ဓါတ်ပုံရိုက်ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတာလေ. . ထုတ်ဝေသူက ဝတ္ထုကိုကြိုက်ပြီး ဖိနပ်အစစ်လေးကို ဓါတ်ပုံရိုက်ထည့်ပါရစေ တောင်းပန်လို့ထည့်ခိုင်လိုက်တာလေ”

ရှိုးတာ။ ရှိုးတာ။ ထုတ်ဝေသူကြားလို့ကတော့ နာဦးမှာ။ သူပဲ နားပူနားဆာလုပ်ထည့်ခိုင်ပြီးတော့။

မေသူက ဘာမှပြန်မပြောသဖြင့် ဂျစ်ပွေး အားမလိုအားမရဖြစ်သွားသည်။

“မေသူ ကိုကိုဂျစ်ကိုဘာမှ ပြောစရာစကားမရှိဘူးလားတင်”

“မေသူဘယ်လိုပြောရမလဲ ကိုကိုဂျစ်ရယ်”

မေသူ့အသံကနွမ်းယွဲ့ယွဲ့။

“မေသူမပြောရင် ကိုကိုဂျစ်ပဲပြောမယ်. . ကိုကိုဂျစ်ဝတ္ထုထဲတလိုပဲ. . မေသူ့ရဲ့ရှေ့မှာ ဒူးထောက်လို့ မေသူ့အတွက်ဝယ်ထားတဲ့ ရွှေရောင်ဖိနပ်လေးကို ကိုယ်တိုင်စီးပေးမယ်”

“အို. . ငရဲတွေကြီးကုန်ပါ့မယ်”

“မကြီးပါဘူးမေသူ. . ဒါဟာနောက်ဆုံးပေါ် ချစ်ခွင့်ပန်နည်းပါပဲ၊ ချစ်ရင်ပန်ကွဲ့ မချစ်ရင် မပန်နဲ့. . အဲ့ဒါဟာ ကိုယ့်အတွက်အဖြေဆိုပြီး ပန်းပွင့်လေးပေးတဲ့ ခေတ်ကျန်ခဲ့ပါပြီ”

“ဟင့်. . အင်း. . တခြားနည်းနဲ့ပဲ ချစ်ခွင့်ပန်ပါရှင်. . ကိုဂျစ်ရဲ့နည်းကိုတော့ မေသူလက်မခံနိုင်ပါဘူး”

“အဲ့ဒီလိုမရက်စက်ပါနဲ့ မေသူယ်. . ကိုယ့်ရဲ့ရွှေရောင်အိပ်မက်ကို မဖျက်ဆီးလိုက်ပါနဲ့”

“ကိုကိုဂျစ်မသိပါဘူးရှင်”

“သိ. . သိပ်သိတာပေါ့. . မေသူက ကိုကိုဂျစ်ကိုအားနာနေတာ၊ ခြေထောက်ကိုကိုင်ရင် ငရဲကြီးမယ်ထင်နေတာ. . ဟုတ်တယ်ဟုတ်. . ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . ."

"ဘာမဟုတ်ရမှာလဲ . . ကိုကိုဂျစ်ရဲ့ အိပ်မက်ကိုတော့ မဖျက်ဆီးနဲ့ကွာ . . ဒီရွှေရောင်ဖိနပ်လေးကို မေသူ့ခြေဖဝါးမှာ စီးပေးပြီးမှ ကိုယ့်ရဲ့ရည်မှန်းချက်တွေပြည့်စုံမှာပါ . . ခွင့်ပြုနော်"

ပြောရင်းဆိုရင်း ဆရာဂျစ်လေးက လွယ်အိတ်ကြီးကိုခုံပေါ်တင် ဖိနပ်ကိုကိုင်ကာ မေသူ့ရှေ့မှာ ဒူးထောက်နေတော့၏။

မတင့်မတယ် . . မဖွယ်မရာမြင်ကွင်းကြောင့် မေသူအနေခက်ကာ ပြောရှာသည်။

"ထပါ . . ပြန်ထိုင်ပါ . . မတင့်တယ်ပါဘူး"

"ဟင့်အင်း . . ထဘူး . . ထဘူး . ."

"ထပါ . . လူတွေမြင်မယ် . . လူမြင်မကောင်း သူမြင်မကောင်း"

"ဟင့်အင်း . . ထပါဘူးဆို . . မေသူ့ခြေဖဝါးမှာ ဒီဖိနပ်လေးစီးပေးပြီးမှ ထမယ်"

ဖွတ် . . ။

"ဟင့် . . ဟင့် . . ဟင့် . ."

မေသူငိုပါချေပြီ။ တရှိုက်မတ်မတ် ငိုပါချေပြီ။

မေသူငိုတာ ကိုဘယ်လိုကောက်ချက်ဆွဲသည်ထင်ပါသနည်း။

"ဒါ . . ငါ့ကို . . ကိုယ့်သဘောလို့ အချက်ပြလိုက်တာနေမှာ ဝမ်းသာလွန်းတော့လည်း မျက်ရည်ကျတာပေါ့ . . ဒီလိုလည်းဖြစ်တတ်ပါတယ်လေ"

သို့ကလိုတွေးရင်း ခြေဖျားအထိဖုံးအောင်ရှည်လျားလှသော မေသူ့ဂါဝန်စကို အသာလှန်ဖို့ကြံလေ၏။ (သတိ-ပုဒ်မ ၃၅၄)

မေသူကတော့ တရှိုက်မတ်မတ် ငိုလျှက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပွေးကတော့ လက်တစ်ဘက်က ဖိနပ်ကိုကိုင်ကာ လက်တစ်ဘက်က ဂါဝန်စကိုလှန်ဖို့ကြံလျှက်တည်း။

အဝေးသစ်ပင်ကွယ်မှ ချောင်းကြည့်နေသည့် မြင့်မြတ်တာတော့ ရင်ဘတ်ကိုဖိရင်း တွေးနေမိသည်မှာ. .

တရားရုံးရှေ့ တရားခွင်မှာဂျစ်ပွေးရယ်. .

"မောင်မင်း မိန်းကလေးရဲ့ဂါဝန်စကို လှန်ဖို့ကြံသလား"

"ကြံမိပါတယ်"

"လှန်ရောလှန်မိလား"

"လှန်မိပါတယ်. . ဟို. . ဖိနပ်"

"တော်ပြီ. . မေးတာပဲဖြေ. . လှန်မိတယ်ဆိုတာနဲ့ အမှုက နိုင်လုံနေပြီ. . ထောင်ဒဏ်သုံးနှစ်ကျခံစေ"

"ဗျာ. ."

BURMESE CLASSIC

မြင့်မြတ်အတွေးကြီးက ဂျစ်ပွေးအတွက် မနိပ်လှ။ ဂျစ်ပွေး လုပ်နေပုံကလည်း အဲ့ဒီလိုတွေးချင်စရာပါပဲ။

ကြည့်. .

ဒူးထောက်လျှက်သားနှင့် မေသူဂါဝန်စကို လှန်နေပါပြီ။ ဖြည်းဖြည်းလေး. . စလိုးမိုးရှင်း။

ညာဘက်ခြေမှာ စီးပေးမဲ့ ညာဘက်ဖိနပ်လေးကလည်း လက်ထဲမှာအသင့်. . ။

မေသူကတော့ ငိုနေဆဲ. .

"မငိုပါနဲ့မေသူရယ်. . ကိုကိုဂျစ်ရဲ့ ချစ်သင်္ကေတ ဒီဖိနပ် လေးစီးပေးပြီးရင် အရာရာဟာ ပြီးဆုံးသွားပါပြီ"

ဂျစ်ပွေးက တဖွဖွပြောရင်း ဖိနပ်စီးဖို့ဂါဝန်ကိုမ, ခြေထောက် လေးကိုင်လိုက်သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပွေး 'ဟာ'ကနဲဆို ဖိနပ်ကိုပစ်ချလိုက်သည်။ မယုံသလို ပြန်ကြည့်ရင်း . .

"ဟ . . ဘာကြီးလဲဟ . . "

ဟုပြောကာ သုတ်ကနဲထပြေးတော့၏။ မပြေးခံနိုင်ရိုးလား။

မေသူ့ခြေထောက်မှာက ခြေတုကြီးကအထင်းသား။ ပလစ်စတစ်ခြေတုကြီးရယ်လေ။

ဒါမျှား ဖိနပ်စီးပေးမလို့တဲ့။ မပြောချင်ပါဘူး။ ဖိနပ်စီးပေးပြီး ချစ်ခွင့်ပန်မဲ့သူက . .

ပြေးလိုက်တာများ တန်းလို့ . .။

(ဤတွင်ပြီး၏တည်း)

ဟုဆိုကာ ဇာတ်သိမ်းလိုက်ပါက သိပ်အဆင်ပြေမည်မထင်။

ဂျစ်ပွေးက သူ့အလန့် သူ့အမှားကို တွေးမိကာ ရပ်တန့်၍ ပြန်လှည့်လာ . .။ အောက်ပါအတိုင်းတောင်းပန်ပြောဆိုမှအဆင်ပြေမည်ထင်၏။

BURMESE CLASSIC

"စိတ်မပျက်ပါနဲ့ အားမငယ်ပါနဲ့ မေသူရယ် . . ကိုကိုဂျစ်ရန်ကုန်ပြန်ပြီး နတ်သမီးစီးဖို့ ဗိုးချဲဆိုတဲ့ဝတ္ထုအသစ်လေး ရေးပြီးမှ ဗိုးချဲဝယ်လို့ ပြန်လာခဲ့မယ်နော် . . "

❑ ❑ ❑

(ဤတွင် တကယ်ပြီး၏တည်း)

လူသားအားလုံးကို ရယ်မောစေပိုတဲ့
အချော့တော်



www.burmeseclassic.com

www.burmeseclassic.com

အရယ်သန်တတ်လျှင်တော့ နားနားပြီးမှ ဖတ်ပါဆိုတဲ့...

# အချစ်တော်

## အချစ်ဟား...နေဦး

(ဟာသလုံးချင်းဝတ္ထုသစ်)

- အချစ်ကို နားထားဆိုတဲ့ ပြေတီနေဦးရဲ့ ရယ်စရာ အချစ်များအကြောင်း....
- အချစ်ကိုတမ်းတနေတဲ့ လူပျိုကြီးရဲ့ သဲသဲလှုပ် အဖြစ်....
- သိပ်ချစ်ချင်တဲ့ မမရဲ့ ကြောက်စရာအချစ်....

စတဲ့ရယ်စရာတွေနဲ့ ဖတ်ရင်း....တစ်ခစ်ခစ်ဖြစ်နေမဲ့ ဟာသဝတ္ထုကောင်းတစ်အုပ်

(နောက်လထွက်မည်)



www.burmeseclassic.com